ချောင်းဝကျေးရွာ

ကန်ကြီးထောင့်မြို့နယ်

ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်

(၂၀၁၈–၂၀၂၂)

ပြုစုရေးဆွဲသူ

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ

ချောင်းဝကျေးရွာ၊ ကန်ကြီးထောင့်မြို့နယ်

(စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊
ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကူညီရေးဆွဲသည်)

၂၀၂၀ ခုနှစ်၊ ဇန်နဝါရီလ

မာတိကာ

မာတိကာ ၁

စကားချီး ၅

ချောင်းဝကျေးရွာအရင်းအမြစ်ပြမြေပုံ၊ ကန်ကြီးထောင့်မြို့နယ် ၇

အပိုင်း(က) ကျေးရွာဖွံ့ဖြိုးရေးဗျူဟာ နှင့် အစီအစဉ် ၈

(၁) နိဒါန်း- ကျေးရွာဖွံ့ဖြိုးရေးရည်ရွယ်ချက်နှင့် လွှမ်းခြုံသက်ရောက်မှု ၈

(က) ရည်ရွယ်ချက်နှင့်ကျိုးကြောင်းဖော်ပြချက်

(ခ) စီမံကိန်း၏ လွှမ်းခြုံသက်ရောက်မှု

(၂) ကျေးရွာ၏ ပထဝီဝင် အနေအထားနှင့် သဘာဝအရင်းအမြစ်များ ၁၀

(က) တည်နေရာ၊ ရာသီဥတုနှင့် မြေမျက်နှာသွင်ပြင် အနေအထား

(ခ) သဘာဝအရင်းအမြစ်များ

(၃) ကျေးရွာ၏ လူမှုဖွံ့ဖြိုးတိုးတက်ရေး အခြေအနေ ၁၁

(က) လူဦးရေဆိုင်ရာ အချက်လက်များ

(ခ) စီးပွားရေးအခြေအနေ - ဝင်ငွေ၊ ပိုင်ဆိုင်မှုနှင့် မမျှတမှု

(ဂ) ဆင်းရဲနွမ်းပါးမှုနှင့် ထိခိုက်နစ်နာလွယ်မှု

(ဃ) ကျန်းမာရေး နှင့် အာဟာရ

(င) ပညာရေးနှင့်ကျွမ်းကျင်မှုများ

(စ) ကျားမဆိုင်ရာဆက်နွယ်မှု

(၄) ကဏ္ဍအသီးသီး၏လက်ရှိ ဖွံ့ဖြိုးတိုးတက်မှု အခြေအနေ ၁၃

(က) ဖွံ့ဖြိုးရေးဆိုင်ရာ စီမံအုပ်ချုပ်မှုစနစ်

(ခ) သီးနှံ၊ သားငါး ထုတ်လုပ်ရေးကဏ္ဍ

(ဂ) စိုက်ပျိုး မွေးမြူရေးမဟုတ်သော အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ

(ဃ) ပတ်ဝန်းကျင်နှင့် သဘာဝအရင်းအမြစ်များဆိုင်ရာစီမံခန့်ခွဲမှု

(င) ဘဏ်နှင့်ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု

(စ) ပညာရေး၊ ကျန်းမာရေး၊ ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေး

(ဆ) လူငယ်နှင့် ယဉ်ကျေးမှု

(ဇ) အခြေခံအဆောက်အဦများအားလက်လှမ်းမီမှု - လမ်းတံတား၊ လျှပ်စစ်စွမ်းအား၊ သတင်းနှင့် ဆက်သွယ်ရေး

(စျ) တည်ငြိမ်အေးချမ်းမှုနှင့် ပြည်သူ့လုံခြုံရေး

(၅) ကျေးရွာဖွံ့ဖြိုးတိုးတက်မှုကိုအထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ၊ အဟန့်အတားများနှင့် ကျော်လွှားရမည့် စိန်ခေါ်မှုများ ၁၆

(က) ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ

(ခ) အဟန့်အတားများနှင့် ကျော်လွှားရမည့် စိန်ခေါ်မှုများ

(၆) ကျေးရွာဖွံ့ဖြိုးရေး ပန်းတိုင်နှင့် ဗျူဟာ ၁၈

(၇) ကျေးရွာဖွံ့ဖြိုးတိုးတက်မှု ကိစ္စရပ်များနှင့် ဗဟိုအဆင့်မူဝါဒများအကြား အစီအစဉ်ကျသော ချိတ်ဆက်မှုများ ၂၀

အပိုင်း (ခ) စီမံကိန်းဆိုင်ရာအချက်အလက်များ

(၈) ဦးစားပေးစီမံချက်များနှင့် အကောင်အထည်ဖော်ဆောင်ရွက်မည့် အချိန်ကာလ ၂၁

(က) နှစ်ပတ်လည် ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်

(ခ) ကဏ္ဍ နှင့် ရင်းနှီးမြုပ်နှံမှုကိုအခြေခံ၍ စီမံချက်အုပ်စုသတ်မှတ်ခြင်း

(ဂ) ဦးစားပေး စီမံချက်များ

(ဃ) အကောင်အထည်ဖော်မည့် အချိန်ကာလ

(၉) ဘတ်ဂျက်နှင့် ငွေကြေးဆိုင်ရာ အစီအစဉ် ၂၅

(၁၀) ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ အကောင်အထည်ဖော်မည့် နည်းလမ်းနှင့်အစီအစဉ်များ ၂၇

(က) ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၏ အခန်းကဏ္ဍ

(ခ) ဖွံ့ဖြိုးရေး မိတ်ဖက် အဖွဲ့အစည်းများ

(ဂ) ကန်ထရိုက်နှင့် ဝန်ဆောင်မှုပေးသည့် အဖွဲ့အစည်းများ

(ဃ) ကျေးရွာ၏ ဖွံ့ဖြိုးရေးလုပ်ငန်းများလည်ပတ်ရန် နှင့် ပြုပြင်ထိန်းသိမ်းရန်အတွက် အဖွဲ့အစည်းဆိုင်ရာနှင့် ငွေကြေးဆိုင်ရာ အစီအစဉ်များ

(၁၁) စီမံကိန်းကြီးကြပ်စစ်ဆေးခြင်းနှင့်အကဲဖြတ်သုံးသပ်ခြင်း ၂၈

(၁၁-၁) ကြီးကြပ်စစ်ဆေးခြင်း

(၁၁-၂) နှစ်ပတ်လည် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း ဆောင်ရွက်ပြီးစီးမှု အကဲဖြတ်ခြင်း

(၁၁-၃) နည်းပညာဆိုင်ရာ အကူအညီ

နောက်ဆက်တွဲ

နောက်ဆက်တွဲ (၁) စီမံကိန်းဇယားများ ၃၁

(၁) လူမှုစီးပွားရေး အခြေအနေ

ဇယား ၁ လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ
ဇယား ၂ လုပ်သားအင်အားနှင့် ဝင်ငွေရ လုပ်ငန်းအမျိုးအစား
ဇယား ၃ လုပ်ငန်းနှင့် ကျား၊ မအလိုက် အနည်းဆုံးနှင့် အများဆုံး လုပ်အားခနှုန်းထား
ဇယား ၄ ကျေးရွာ၏စိုက်ပျိုးမြေပိုင်ဆိုင်မှု
ဇယား ၅ ဓာတ်သတ္တုနှင့် အခြားသဘာဝ အရင်းအမြစ်များ
ဇယား ၆ ဥစ္စာဓနအဆင့် အခြေအနေ
ဇယား ၇ ချေးငှားခြင်းမရှိဘဲ တစ်နေ့လျှင် အနည်းဆုံး နှစ်နပ်စားနိုင်သည့်အိမ်ထောင်စုများ
ဇယား ၈ ကူညီစောင့်ရှောက်မှုအထူးလိုအပ်သောအုပ်စုများ၏ထိခိုက်လွယ်မှု အခြေအနေ
ဇယား ၉ ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ
ဇယား ၁၀ ထိခိုက်သက်ရောက်မှုခံရနိုင်သည့်သူများ

(၂) ကျေးရွာ၏လက်ရှိ ဖွံ့ဖြိုးရေး အခြေအနေ

ဇယား ၁၁ ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ
ဇယား ၁၂ ကျေးရွာဖွံ့ဖြိုးရေးဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများ
ဇယား ၁၃ ကျေးရွာ၏စိုက်ပျိုးမြေပိုင်ဆိုင်မှု၊ မြေယာပိုင်ဆိုင်သည့် အိမ်ထောင်စု
ဇယား ၁၄ ကျေးရွာ၏ ရေအရင်းအမြစ် နှင့် ရေသွင်းဧရိယာ
ဇယား ၁၅ အဓိကသီးနှံများနှင့် အထွက်နှုန်း
ဇယား ၁၆ ကျေးရွာ၏ စိုက်ပျိုးရေးသုံး ကိရိယာများ ပိုင်ဆိုင်မှု
ဇယား ၁၇ သီးနှံထုတ်လုပ်မှု တိုးစေရန်အတွက် အခွင့်အလမ်းများ
ဇယား ၁၈ သီးနှံထုတ်လုပ်မှုအတွက် ပြဿနာနှင့် အခက်အခဲများ
ဇယား ၁၉ မွေးမြူရေးနှင့်ငါးလုပ်ငန်းဆောင်ရွက်မှုအခြေအနေ
ဇယား ၂၀ မွေးမြူရေးနှင့် သားငါးထုတ်လုပ်မှုတိုးတက်စေရန်အတွက် အခွင့်အလမ်းများ
ဇယား ၂၁ မွေးမြူရေးနှင့် သားငါးထုတ်လုပ်မှုတိုးတက်စေရန်အတွက် ပြဿနာနှင့် စိန်ခေါ်မှု များ
ဇယား ၂၂ စိုက်ပျိုးမွေးမြူရေးမဟုတ်သော အသက်မွေးလုပ်ငန်းများအတွက် အခွင့်အလမ်းများ
ဇယား ၂၃ စိုက်ပျိုးမွေးမြူရေးမဟုတ်သော အသက်မွေးလုပ်ငန်းများအတွက် ပြဿနာနှင့် အခက်အခဲများ
ဇယား ၂၄ ရွှေ့ပြောင်းသွားလာမှု ဖြစ်ပေါ်လာပုံ၊ ပုံစံနှင့် အချိန်ကာလ
ဇယား ၂၅ ရွှေ့ပြောင်းသွားလာရခြင်း၏ အဓိက အကြောင်းရင်း
ဇယား ၂၆ ရွှေ့ပြောင်းလုပ်ကိုင်သူများမှပြန်ပို့ငွေ
ဇယား ၂၇ ကုန်စည်နှင့် ဝန်ဆောင်မှု၊ ဈေးကွက်လက်လှမ်းမီမှု အခြေအနေ
ဇယား ၂၈ ငွေကြေးလက်လှမ်းမီမှုနှင့် ဘဏ်လုပ်ငန်း

ဇယား ၂၉ သဘာဝပတ်ဝန်းကျင်နှင့်သဘာဝရင်းမြစ်စီမံခန့်ခွဲမှုအတွက်လက်ရှိအလေ့အကျင့်နှင့် အခက်အခဲများ
ဇယား ၃၀ မူလတန်း၊ အလယ်တန်း၊ အထက်တန်းနှင့် တက္ကသိုလ်အဆင့် စာတတ်မြောက်မှုနှုန်း
ဇယား ၃၁ ကျောင်းတက်နှုန်း
ဇယား ၃၂ စာသင်ကျောင်းဆောင် အခြေအနေနှင့် ဝန်ဆောင်မှုများ
ဇယား ၃၃ ပညာရေး အခက်အခဲနှင့် ပြဿနာများ
ဇယား ၃၄ အဖြစ်များသော ရောဂါများ
ဇယား ၃၅ လွန်ခဲ့သော (၁၂) လအတွင်း ကာကွယ်ဆေးထိုးနှံမှု
ဇယား ၃၆ ကျန်းမာရေး အထောက်အပံ့နှင့် ဝန်ဆောင်မှုများ
ဇယား ၃၇ သောက်သုံးရေရရှိနိုင်မှု
ဇယား ၃၈ အိမ်သာ အမျိုးအစား
ဇယား ၃၉ ကျား-မ ရေးရာ
ဇယား ၄၀ ကျေးရွာ၏ လမ်းတည်ရှိမှုအခြေအနေ
ဇယား ၄၁ ကျေးရွာ၏ တံတားတည်ရှိမှုအခြေအနေ
ဇယား ၄၂ ရေကြောင်းသယ်ယူပို့ဆောင်ရေး
ဇယား ၄၃ သယ်ယူပို့ဆောင်ရေးယာဉ်များ
ဇယား ၄၄ လျှပ်စစ်မီးရရှိမှု အခြေအနေ
ဇယား ၄၅ ဆက်သွယ်ရေး နှင့် သတင်းအချက်အလက်နည်းပညာ အခြေအနေ
ဇယား ၄၆ ယဉ်ကျေးမှုနှင့်လူငယ်ဖွံ့ဖြိုးရေး အခြေအနေ
ဇယား ၄၇ ဘေးကင်းလုံခြုံရေး၊ ဝန်ဆောင်မှု အထောက်အကူများအား လက်လှမ်းမှီမှု
ဇယား ၄၈ မှုခင်းဖြစ်ပွားမှု အခြေအနေ

နောက်ဆက်တွဲ (၂) ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အပံ့ဖြစ်စေမည့် အခြေအနေကောင်းများ၊ အဟန့်အတားနှင့်ရင်ဆိုင်ကျော်လွှားရမည့် စိန်ခေါ်မှုများ **၆၈**

ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ

ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် အဟန့်အတားနှင့်ရင်ဆိုင်ကျော်လွှားရမည့် စိန်ခေါ်မှုများ

နောက်ဆက်တွဲ (၃) ကျေးရွာဖွံ့ဖြိုးရေးကွင်းဆက် (ပြဿနာဆန်းစစ်ခြင်းမှ ဖြေရှင်းနည်းအထိ) **၇၁**

ကိုးကားစာရင်း **၇၄**

စကားချီး

ဤကျေးရွာဖွံ့ဖြိုးရေးစီမံချက်သည် ၂၀၁၇-၁၈ ဘဏ္ဍာရေးနှစ်မှ ၂၀၁၁-၂၀၂၂ ခုနှစ်အထိ (၅) နှစ်ကြာ အကောင်အထည်ဖော်ဆောင်ရွက်မည့် ကျွန်ုပ်တို့ကျေးရွာ၏ ပထမဦးဆုံးသော လူအများပါဝင်ရေးဆွဲထားသည့် ကျေးရွာဖွံ့ဖြိုးရေးစီမံချက်ဖြစ်ပါသည်။ ကနဦးအနေဖြင့် စီမံချက်ဖြစ်မြောက်ရေးအတွက် လိုအပ်သောနည်းပညာများပံ့ပိုးပေးသော စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအား အထူးပင်ကျေးဇူးတင်ရှိပါသည်။ အရေးကြီးသော အချက်အလက်များနှင့် အကြံဉာဏ်များကို တက်တက်ကြွကြွ ပံ့ပိုးပေးသော ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးနှင့် သက်ဆိုင်ရာ ဝန်ထမ်းများကိုလည်း ကျေးဇူးတင်ရှိပါသည်။

ကျွန်ုပ်တို့ကျေးရွာတွင် ကျွန်ုပ်တို့ကိုယ်တိုင် ရပ်ရွာလုပ်ငန်းများကို စီစဉ်ချမှတ်ဆောင်ရွက်ခဲ့ကြသော်လည်း လူထုအများ စနစ်တကျပူးပေါင်းပါဝင်ဆောင်ရွက်သည့် နည်းလမ်းများနှင့် လုပ်ထုံးလုပ်နည်းများကို မသိခဲ့ကြပါ။ လူထုကိုယ်တိုင် စနစ်တကျ ပူးပေါင်းဆောင်ရွက်နည်းကို အသုံးပြု၍ ကျွန်ုပ်တို့အချင်းချင်း တိုင်ပင်ဆွေးနွေးညှိနှိုင်းအဖြေရှာကြရာတွင် ကူညီပံ့ပိုးပေးသည့် အစီအစဉ်ရေးဆွဲရေး ကျွမ်းကျင်သူအဖွဲ့တစ်ဖွဲ့ကို မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ စီစဉ်ဆောင်ရွက်ပေးပါသည်။ ဤလုပ်ငန်းစဉ်ကြောင့် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ် ရေးဆွဲရာတွင် ကိန်းဂဏန်းနှင့် သတင်းအချက်အလက်တို့၏ အရေးပါမှုကို သိရှိရုံသာမက ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံးကဲ့သို့သော ကိန်းဂဏန်းအချက်အလက် ရရှိနိုင်သောနေရာများမှလည်း ကောက်ယူရရှိခဲ့ပါသည်။ ထို့ပြင် ထပ်မံလိုအပ်သော ကိန်းဂဏန်း၊ အချက်အလက်များနှင့် နည်းပညာပံ့ပိုးမှုတို့ကို မြို့နယ်အဆင့် ဌာနဆိုင်ရာများမှ ရယူရန်လိုအပ်ကြောင်းကိုလည်း ကောင်းစွာသိရှိခဲ့ပါသည်။

ယခုရေးဆွဲထားသောအစီအစဉ်ကို ထပ်မံရရှိသည့် ကိန်းဂဏန်းအချက်အလက်များ ထပ်ဖြည့်ပေးခြင်းဖြင့် ပိုမိုကောင်းလာမည်မှာသေချာပါသည်။ ဤလုပ်ငန်းသည် ဆက်လက်လုပ်ဆောင်ရမည့် လုပ်ငန်းဖြစ်ပြီး လုပ်ငန်းဆောင်ရွက်နေမှုတစ်ဝက်ခန့်အရောက်တွင် လုပ်ငန်းတိုးတက်မှု၊ ပေါ်ပေါက်လာသည့် အခက်အခဲများနှင့် ဦးစားပေးရွေးချယ်မှုများနှင့် လုပ်ငန်းအစီအစဉ်များကို မူဘောင်အတွင်းပြုပြင် ပြောင်းလဲမှုများ ဆက်လက်လုပ်ဆောင်သွားရပါမည်။

ဤဖွံ့ဖြိုးရေးအစီအစဉ်တွင်ဖော်ပြပါရှိသော ဦးစားပေးလုပ်ငန်းများ စုစည်းဆောင်ရွက်နိုင်ရန်အတွက် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနတို့၏ ဆက်လက်ပံ့ပိုးမှုများရရှိနိုင်မည်ဟု ကျွန်ုပ်တို့မျှော်လင့်ပါသည်။ ဆက်လက်၍ နောင်တွင်လည်း ကျွန်ုပ်တို့၏ ဖွံ့ဖြိုးရေးဆိုင်ရာ အားထုတ်မှုအခြေအနေများကို ဆန်းစစ်သုံးသပ်ရန်နှင့် အကဲဖြတ်ရန်အတွက် ပံ့ပိုးကူညီမှုများ ရရှိနိုင်မည်ဖြစ်ပါကြောင်း ယုံကြည်ပါသည်။

ဤအစီအစဉ်တွင် အပိုင်း (၂) ပိုင်း ပါရှိပါသည်။ အပိုင်း (က) တွင် ဖွံ့ဖြိုးရေးဗျူဟာနှင့် လုပ်ငန်းအစီအစဉ်တို့ပါဝင်ပါသည်။ အကောင်အထည်ဖော်မည့်ဗျူဟာ၊ ဦးစားပေးလုပ်ငန်းအစီအစဉ်များ၊ ဘတ်ဂျက်နှင့် ငွေကြေးဆိုင်ရာရရှိနိုင်မည့် လမ်းကြောင်းနှင့် လုပ်ငန်းဆောင်ရွက်မှုအဆင့်ဆင့်တို့ကို အဓိကဖော်ပြထားပါသည်။ အပိုင်း (ခ) သည် စီမံကိန်းဆိုင်ရာအချက်အလက်များ၏ အကြောင်းအရာများ ဖြစ်ပြီး အဆိုပြုစီမံကိန်း လုပ်ငန်းများ၏အသေးစိတ်အချက်အလက်များပါဝင်ပါသည်။

ဧန်နဝါရီလ၊ ၂၀၂၀ ခုနှစ်

ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့

ချောင်းဝကျေးရွာ၊ ဒီးဒုတ်ကျေးရွာအုပ်စု

ကန်ကြီးထောင့်မြို့နယ်

ချောင်းဝကျေးရွာ အရင်းအမြစ်ပြမြေပုံ၊ ကန်ကြီးထောင့်မြို့နယ်



အပိုင်း(က) ကျေးရွာဖွံ့ဖြိုးရေး ဗျူဟာ နှင့် လုပ်ငန်းအစီအစဉ်

၁ နိဒါန်း

၁.၁ ရည်ရွယ်ချက်

ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်ခရိုင်၊ ကန်ကြီးထောင့်မြို့နယ်၊ ဒီးဒုတ်ကျေးရွာအုပ်စု၊ ချောင်းဝ ကျေးရွာသည် အိမ်ခြေနှင့်လူဦးရေနည်းပါးပြီး ဖွံ့ဖြိုးတိုးတက်မှုများ နောက်ကျနေခြင်းကြောင့် ဤ အစီအစဉ်တွင်ပါဝင်ရခြင်းဖြစ်ပါသည်။ ဤကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်သည် အစိုးရဌာနများ၊ ပြည်တွင်း/ ပြည်ပအဖွဲ့အစည်းများ၏ နိုင်ငံအတွင်းဆောင်ရွက်ခဲ့ပြီးသော ဖွံ့ဖြိုးရေးလုပ်ငန်း အတွေ့အကြုံများကိုလေ့လာသုံးသပ်ပြီး တစ်နိုင်ငံလုံး ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းများ ရေးဆွဲအကောင်ထည်ဖော်မည့် အစီအစဉ်သစ်ဖြစ်ကြောင်း သိရှိရပါသည်။

ယခင်ကဖွံ့ဖြိုးရေး အစီအစဉ်ရေးဆွဲရေးအတွေ့အကြုံမရှိခဲ့ပါ။ ထို့ကြောင့် ကျွန်ုပ်တို့၏ ပထမဦးဆုံးသော ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ကို နိုင်ငံတော်၏အကူအညီဖြင့် ရေးဆွဲရာတွင် ကျေးရွာလူထုပါဝင်မှုအားနည်းရပါသည်။ ဤအစီအစဉ်ရေးဆွဲပြီးနောက် ကျေးရွာ၏ ဖွံ့ဖြိုးရေးဆိုင်ရာကိန်းဂဏန်း၊ သတင်းအချက်အလက်များပြုစုရန် အရေးကြီးပုံကို အလေးထားမိလာကြပါသည်။ ထို့အပြင် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး၊ ဌာနဆိုင်ရာများစသည်တို့ထံမှ လိုအပ်သော ကိန်းဂဏန်း၊ သတင်း အချက်အလက်များရယူရန်နှင့် ကျွန်ုပ်တို့၏ကျေးရွာစီမံကိန်း အကောင်အထည်ဖော်ရန်လိုအပ်သော နည်းပညာများရရှိရန် အရေးကြီးကြောင်းကိုပါ သတိပြုမိပါသည်။ သို့သော် အလွယ်တကူတက်ကျွမ်းမှုမရှိ၍ စီစဉ်ဆောင်ရွက်ရာတွင် ခက်ခဲပါသဖြင့် မိမိတို့ ဉာဏ်ရည်ဉာဏ်သွေး ပူးပေါင်းပါဝင်မှုများဖြင့် ပြုစုတင်ပြသွားမည်ဖြစ်ပါသည်။

ဤအစီအစဉ်တွင် ကျေးရွာ၏ လက်ရှိလူမှုစီးပွားရေးနှင့် ဖွံ့ဖြိုးရေးအခြေအနေများ၊ ကြုံတွေ့နေရသောပြဿနာများ၊ ထိုပြဿနာများဖြစ်ရသည့် အရင်းခံအချက်များ၊ ဖွံ့ဖြိုးရေးကို အပံ့အပိုးဖြစ်စေသောအချက်များနှင့် အဟန့်အတားဖြစ်စေသောအချက်များ၊ (၅) နှစ်တာ ကာလအပြီးတွင် ရရှိအောင် ဆောင်ရွက်လိုသည့် ရည်မှန်းချက်များ၊ ထိုရည်မှန်းချက်များရရှိရန် ကျွန်ုပ်တို့ ကျေးရွာအနေ နှင့် ဆောင်ရွက်မည့်နည်းဗျူဟာများ၊ စီမံချက်များကို ရှင်းရှင်းလင်းလင်းဖော်ပြထားပါသည်။ ထို့ပြင် ဦးစားပေးလုပ်ငန်းများလုပ်ဆောင်ရန် လိုအပ်သောအရာများနှင့် ငွေကြေးရရှိနိုင်မည့် လမ်းကြောင်းများကိုလည်း ဖော်ပြထားပါသည်။

ကျွန်ုပ်တို့၏ ဖွံ့ဖြိုးရေးမိတ်ဖက်များဖြစ်သော အစိုးရဌာနများ၊ အစိုးရမဟုတ်သောအဖွဲ့အစည်းများ၊ အရပ်ဖက်လူမှုရေးအဖွဲ့အစည်းများ၊ ပုဂ္ဂလိကကဏ္ဍ၊ ဘဏ်များ၊ စာပေပညာရှင်များ၊ သတင်းနှင့်

ပြည်သူ့ဆက်သွယ်ရေးအဖွဲ့အစည်းများ၏ အာရုံစိုက်မှုကိုရစေပြီး ကျေးရွာဖွံ့ဖြိုးရေးနှင့် ပတ်သက်သူ မှန်သမျှတို့သည် ဤအစီအစဉ်မှတ်တမ်း၏ အသုံးဝင်မှုများကိုသိရှိစေရန် မျှော်လင့်ပါသည်။

အစိုးရနှင့် အခြားအဖွဲ့အစည်းများအတွက် အသုံးဝင်မှု

ကျွန်ုပ်တို့၏ကျေးရွာအဆင့် အားထုတ်မှုများအတွက် မူဝါဒနှင့်ဖွံ့ဖြိုးရေးဆိုင်ရာ အကူအညီများကို စုစည်းဆောင်ရွက်ပေးနိုင်ရန် ဤဖွံ့ဖြိုးရေးစီမံချက်ကို မြို့နယ်အဆင့်၊ ပြည်နယ်နှင့် တိုင်းအဆင့်၊ ပြည်ထောင်စုအဆင့် အစိုးရအဖွဲ့အစည်းများအား တင်ပြမည်ဖြစ်ပါသည်။

ပုဂ္ဂလိက ကဏ္ဍအဖွဲ့များအတွက် အသုံးဝင်မှုများအနေဖြင့် ကျေးရွာလူထု၏လိုလားချက်နှင့် ၎င်းတို့၏စီးပွားရေးဆိုင်ရာဝန်ဆောင်မှုများ ချိတ်ဆက်မှုဖွံ့ဖြိုးလာစေရန် ဗျူဟာမြောက်ဆောင်ရွက်လာနိုင်မည်ဖြစ်သည်။

အစိုးရမဟုတ်သောအဖွဲ့အစည်းများ (NGOs)၊ အရပ်ဖက်လူမှုအဖွဲ့အစည်းများ (CSOs) နှင့် အလှူရှင်အဖွဲ့အစည်းများသည် ကျေးရွာလူထု၏ အမှန်တကယ်လိုအပ်ချက်များနှင့် ဦးစားပေးဆောင်ရွက်ရမည့် လုပ်ငန်းများအား ပိုမိုသိရှိလာနိုင်မည်ဖြစ်သည်။

ဘဏ်လုပ်ငန်းရှင်များနှင့် အသေးစားချေးငွေလုပ်ငန်းရှင်များအနေဖြင့် ကျေးလက်ဒေသရှိ ငွေကြေးဆိုင်ရာ လိုအပ်ချက်များအတွက် သတင်းအချက်အလက်များ ပိုမိုသိရှိလာနိုင်မည် ဖြစ်သည်။ သို့မှသာ တစ်နိုင်ငံလုံးအတိုင်းအတာအရ ပါဝင်လှုဒါန်းမည်ဆိုပါက ပိုမိုထိရောက်နိုင်မည် ဖြစ်ပါ သည်။

နည်းပညာအထောက်အပံ့ပေးမည့် အဖွဲ့အစည်းများနှင့် တက္ကသိုလ်များအနေဖြင့် ကျွန်တော်တို့ကျေးရွာနှင့် ကျေးလက်လူထု၏ တိကျသောလိုအပ်ချက်များအား သိရှိလာခြင်းကြောင့် ကျွန်တော်တို့ကျေးရွာနှင့်ဆိုင်သော ၎င်းတို့၏သုတေသနလုပ်ငန်းများကို စီစဉ်ဆောင်ရွက်လာနိုင်မည်ဖြစ် သည်။ လုပ်ငန်းအကြီးစားများမဟုတ်ဘဲ လူထုကိုယ်တိုင် ပါဝင်ဆောင်ရွက်နိုင်သည့် လုပ်ငန်း အသေးစားများဖြစ်၍ လူထုမှလည်း ထိုက်သင့်သည့် လုပ်အားများထည့်ဝင်နိုင်ခြင်း၊ စိတ်ပါဝင်စားမှု၊ ကိုယ်တိုင်ပါဝင်ဆောင်ရွက်နိုင်မှု၊ စိတ်အားထက်သန်မှုနှင့် အတွေ့အကြုံများလည်း ရရှိနိုင်မည်ဖြစ်ပါသည်။

မီဒီယာများ၊ ပြန်ကြားဆက်သွယ်ရေးနှင့် ပြည်သူ့အရေးရပ်တည်မှုပေးသည့် အဖွဲ့အစည်းများအနေဖြင့် ယုံကြည်ရလောက်သည့် သတင်းအချက်အလက်များကို ရရှိနိုင်မည်။

နိုင်ငံတကာဖွံ့ဖြိုးရေးမိတ်ဖက်များဖြစ်သည့် ကုလသမဂ္ဂအဖွဲ့အစည်းများ၊ နိုင်ငံတကာငွေကြေးဆိုင်ရာအဖွဲ့အစည်းများ (ကမ္ဘာ့ဘဏ်၊ အာရှဖွံ့ဖြိုးရေးဘဏ်)၊ နိုင်ငံတကာအစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် အလှူရှင်အဖွဲ့အစည်းများအနေဖြင့် ၎င်းတို့အချင်းချင်း ပေါင်းစည်းဆောင်ရွက်မှု ပိုမိုကောင်းမွန်စေပြီး ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်များကို မြို့နယ်အဆင့်တွင် ပေါင်းစပ်ညှိနှိုင်းစီစဉ်မှုများပြုလာနိုင်ပါမည်။

၁.၂ စီမံကိန်း၏လွှမ်းခြုံသက်ရောက်မှု

ယခင်ကဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲရာတွင် အချိန်ကာလတစ်ခုအတွင်း ကျွန်ုပ်တို့ကိုယ်တိုင် တတ်နိုင်သောငွေကြေး၊ အစိုးရနှင့် အခြားအဖွဲ့အစည်းများထံမှရနိုင်မည့် အကူအညီများကို အခြေခံကာ ဦးစားပေးစီမံကိန်းများချမှတ်ခဲ့ပါသည်။ ယခုအခါ ယင်းသို့မဟုတ်ဘဲ ကျယ်ပြန့်သည့် ဖွံ့ဖြိုးရေးအမြင်ဖြင့် ရေးဆွဲထားပါသည်။

လူထုဦးဆောင်ပါဝင်သည့် လုပ်ကိုင်နည်းဖြစ်သောကြောင့် လူတိုင်းပါဝင်ခွင့်ရရှိပြီး အမြင်ရှင်းလင်းမှုရစေကာ ဖွံ့ဖြိုးမှုဖြစ်စဉ်တွင် လူထုကိုအဓိကနေရာတွင်ထားရှိခြင်းဖြစ်ပါသည်။ ဤသို့ဖြင့် လုပ်ငန်းများကို လူထုပါဝင်၍စုစည်းခြင်း၊ ဦးစားပေးရွေးချယ်ဆောင်ရွက်ခြင်းအားဖြင့် ကျေးရွာလူထု၏ ဖွံ့ဖြိုးမှုကို တိတိကျကျ ပံ့ပိုးပေးရာရောက်ပါသည်။

ကျွန်ုပ်တို့၏ဖွံ့ဖြိုးရေးအစီအစဉ်ကိုအကောင်အထည်ဖော်ရာတွင် ပစ္စည်းအခက်အခဲ၊ ငွေကြေးအခက်အခဲ၊ နည်းပညာအခက်အခဲများရှိနိုင်ပါသည်။ သို့ဖြစ်၍ လက်တွေ့အကောင်အထည်ဖော်ရာတွင် ကျွန်ုပ်တို့ ကျေးရွာဖွံ့ဖြိုးရေးလိုအပ်ချက်များအား အများဆုံးနှင့် အထိရောက်ဆုံး ဖြည့်ဆည်းနိုင်မည့်စီမံကိန်းများကို ဦးစားပေးရွေးချယ်ဆောင်ရွက်ပါမည်။ ကျွန်ုပ်တို့၏ စွမ်းရည်နှင့် လိုအပ်သော အရင်းအနှီးများ ပြည့်စုံမှုပေါ်မူတည်၍ နောင်တွင် တဖြည်းဖြည်းတိုးချဲ့ဆောင်ရွက်သွားမည့် အစီအစဉ်မျိုးဖြစ်ပါသည်။

၂။ ပထဝီအနေအထားနှင့် သဘာဝသယံဇာတအရင်းအမြစ်များ

(က) တည်နေရာ၊ ရာသီဥတုနှင့် မြေမျက်နှာသွင်ပြင်အနေအထား

ချောင်းဝကျေးရွာသည် ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်ခရိုင်၊ ကန်ကြီးထောင့်မြို့နယ်အတွင်း တည်ရှိပြီး ဘဂရက်-ဒီးဒုတ်လမ်းမှတဆင့် ချောင်းညီနောင်ရွာ (သို့မဟုတ်) ရေလယ်ကွင်းကျေးရွာမှ ရေကြောင်းလမ်းဖြင့်သွားလာရသဖြင့် လမ်းပန်းဆက်သွယ်ရေးအရ ဝေးလံပါသည်။ ကန်ကြီးထောင့်မြို့နယ်မှ (၁၁) မိုင်ကျော်ခန့်ဝေးပါသည်။ (၁၀၈) တောင် ဂမုန်းပေါင်းစေတီတော်မြတ်ကြီးနှင့် (၇) မိုင်ခန့်ဝေးပါသည်။ ရာသီဥတုမှာ ပုံမှန်အနေအထားရှိပါသည်။ မြေပြန့်ဒေသတွင် တည်ရှိပြီး အဓိကအသက်မွေးဝမ်းကျောင်းလုပ်ငန်းမှာ စိုက်ပျိုးရေးလုပ်ငန်းဖြစ်ပါသည်။ ကျေးရွာ၏ အနောက်မြောက်ဘက်တွင် ပမ္ဘဝတီမြစ်ရှိပြီး ပတ်လည်တွင် လယ်ကွင်းများ၊ အခြားကျေးရွာများရှိပါသည်။

(ခ) သဘာဝအရင်းအမြစ်

ကျေးရွာသည် ပမ္ဘဝတီမြစ်ဘေးတွင်တည်ရှိသဖြင့် နွေစပါးစိုက်ပျိုးရန် အလွန်အသုံးဝင်ပါသည်။ မိုးရာသီတွင် မိုးရေကို အဓိကအားထား၍ စိုက်ပျိုးကြပါသည်။ စိုက်ပျိုးမြေကေပေါင်း (၃၁၂.၇) ဧကရှိပြီး

မြေဆီဩဇာအသင့်အတင့်ကောင်းမွန်ပါသည်။ ကျေးရွာတွင် သဘာဝတွင်းထွက်သယံဇာတများမရှိပါ။ သဘာဝတိရိစ္ဆာန်မျိုးစိတ်များလည်း ရရှိနိုင်မှုနည်းပါးသွားပြီဖြစ်ပါသည်။ ကြက်၊ ဝက်၊ ဘဲများကိုသာ တစ်နိုင်တစ်ပိုင်မွေးမြူကြပါသည်။ နွားစာအတွက် ကောက်ရိုးအပြင် မြက်များကို လယ်ကန်သင်းများနှင့် မြောင်းကမ်းပါးမှအလွယ်တကူရရှိနိုင်ပါသည်။ ဆေးဖက်ဝင်အပင်များ အသင့်အတင့် ရှိပါသည်။

၃။ ကျေးရွာလူမှုဖွံ့ဖြိုးတိုးတက်ရေးအခြေအနေ

(က) လူဦးရေဆိုင်ရာအချက်အလက်များ

အိမ်ထောင်စုပေါင်း (၈၀) စုနှင့် ကျား (၁၆၄) စု၊ မ(၁၂၉) ဦးဖြင့် လူဦးရေပေါင်း (၂၉၃) ဦး ရှိကာ တစ်အိမ်ထောင်လျှင် ပျမ်းမျှ (၃.၇) ဦးနှုန်းရှိပြီး နိုင်ငံတော်၏ တစ်အိမ်ထောင်ပျမ်းမျှနှုန်း ၅ ဦးနှုန်းထက် လျော့နည်းပါသည်။ ကျေးရွာတွင် ဗမာ၊ ကရင် လူမျိုးများ အများစုနေထိုင်ကြပြီး အလုပ် လုပ်နိုင်သည့် အရွယ်သည် ကျေးရွာရှိလူဦးရေအားလုံး၏ ၇၄.၄% ခန့်ရှိပြီး အမျိုးသမီးဦးရေစုစုပေါင်းမှာ အမျိုးသား အရေအတွက်ထက် အနည်းငယ်သာ နည်းသဖြင့် အမျိုးသမီးများလုပ်ကိုင်နိုင်သည့် အလုပ်များကိုပါ ထည့်သွင်းစဉ်းစားပြီး အလုပ်အကိုင်များကိုဖန်တီးပေးနိုင်ပါက လူ့စွမ်းအားအရင်းအမြစ်ကို ထိရောက်စွာ အသုံးချနိုင်ပြီး ကျေးရွာဖွံ့ဖြိုးရေးအတွက် ပိုမိုအထောက်အအကူပြုစေနိုင်ပါမည်။

(ခ) စီးပွားရေးအခြေအနေ - ဝင်ငွေ၊ ပိုင်ဆိုင်မှုနှင့် မမျှတမှု

အဓိကဝင်ငွေရလုပ်ငန်းသည် စိုက်ပျိုးရေးဖြစ်ပြီး တစ်ရွာလုံး၏ဝင်ငွေအနေအထားမှာ သာမန်အားဖြင့် အသင့်အတင့်ရှိပါသည်။ ဆင်းရဲချမ်းသာအဆင့်သတ်မှတ်မှုတွင် မိမိတို့ကျေးရွာ အနေအထားဖြင့်ကြည့်သော် အိမ်ထောင်စုအားလုံး၏ ၇၇.၅% ခန့်သည် ဆင်းရဲနှင့် အလွန်အိမ်ထောင်စုအဆင့် အဖြစ် သတ်မှတ်ကြပြီး ၇.၅% သည် အဆင်ပြေသည့်အဆင့်၊ ၁၅% သည် အလယ်အလတ်အဆင့်ရှိကြသည်ဟုသတ်မှတ်သည်။ ကျေးရွာတွင် လယ်ယာမြေပိုင်ဆိုင်မှု၊ လက်လှမ်းမီမှု၊ လယ်ယာသုံး စက်ကိရိယာများပိုင်ဆိုင်မှုအသင့်အတင့်ရှိပြီး မြစ်ရေသွင်း၍စိုက်ပျိုးနိုင်သဖြင့် ကျေးရွာစီးပွားရေး အနေအထားမှာ အသင့်အတင့်ကောင်းမွန်သည်ဟုပြောနိုင်သည်။ ဆင်းရဲအဆင့်တွင် လက်လုပ်လက်စားကျပန်များနှင့် မြေယာမဲ့အိမ်ထောင်စုများပါဝင်သည်။ ကျေးရွာတွင် မြေယာမဲ့အိမ်ထောင်စု အရေအတွက် (၅၅%) ခန့်ထိရှိကာ ဆင်းရဲနှင့် အလွန်ဆင်းရဲ အဆင့်ရှိ အိမ်ထောင်စုများပါဝင်ကြသည်။

(ဂ) ဆင်းရဲနွမ်းပါးမှုနှင့် ထိခိုက်လွယ်မှု

ကျေးရွာတွင်မြေယာမဲ့အိမ်ထောင်စုအရေအတွက်မှာ နှစ်ပုံတစ်ပုံခန့်ရှိပြီး ရာသီအလိုက် စိုက်ပျိုးရေးလုပ်ငန်းများတွင် အဓိကဝင်ရောက်လုပ်ကိုင်ကြပြီး ငါးဖမ်းလုပ်ငန်း၊ စက်ချုပ်လုပ်ငန်း၊ လက်လီဈေးရောင်း၊ သယ်ယူပို့ဆောင်ရေး၊ ထင်းခုတ်၊ လက်သမား၊ ပန်းရံ စသည်တို့တွင်လည်း ကျပန်းအဖြစ်

လုပ်ကိုင်ကြသည်။ ကျေးရွာမှ ဆင်းရဲနှင့် အလွန်ဆင်းရဲအိမ်ထောင်စု၏ (၃၀%) ဖြစ်သော အိမ်ထောင်စု (၂၀) စုအား လေ့လာဆန်းစစ်မှုအရ ယင်းတို့အားလုံးမှာ သူတပါးထံမှ မချေးမငှားပဲ ၃ လ အောက်သာ ဝမ်းစာဖူလုံမှုရှိကြောင်းတွေ့ရှိရသည်။ ချေးငွေအများစုကို ကျေးရွာသမဝါယမအသင်းနှင့် ဆွေမျိုးများ၊ မိတ်ဆွေများမှ ချေးယူရရှိကြသည်။ ချေးငွေများကိုအသုံးပြုကြပုံမှာ စားသုံးရန်၊ ရင်းနှီးမြှုပ်နှံရန်နှင့် ကျန်းမာရေးကိစ္စရပ်များအတွက် အဓိကသုံးစွဲကြပြီး ဝင်ငွေရအလုပ်အကိုင်များ၊ ပညာရေးတို့အတွက် ဒုတိယအနေအထားတွင် သုံးစွဲကြသည်။

ကျေးရွာတွင် ထိခိုက်လွယ်သော အိမ်ထောင်စုများမှာ မြစ်ကမ်းဘေးနေထိုင်သူများ၊ မြေယာမဲ့ဆင်းရဲသားတောင်သူများနှင့် လက်လုပ်လက်စားကျပန်းများဖြစ်ပါသည်။ ထိခိုက်သက်ရောက်မှု အမျိုးအစားတွင် လမ်းပန်းဆက်သွယ်ရေးအခက်အခဲကို အဓိကတွေ့ရှိရပြီး ဆင်းရဲသောအိမ်ထောင်စုများအတွက် စားနပ်ရိက္ခာမဖူလုံမှု၊ မြေဆီလွှာပျက်စီးလာမှုနှင့် တိရိစ္ဆာန်ရောဂါကျရောက်ခြင်းတို့ကို အနည်းငယ်သာတွေ့ရှိရပါသည်။

(ဃ) ကျန်းမာရေးနှင့် အာဟာရ

ကျေးရွာတွင် ရွာသားအများစုသည် သာမန်အားဖြင့် ကျန်းမာရေးကောင်းမွန်ကြပါသည်။ ကလေးငယ်အများစုသည် ကျန်းမာကြသော်လည်း တခါတရံ ရာသီအကူးအပြောင်းတွင် ဝမ်းပျက်ဝမ်းလျှောခြင်း၊ သွေးလွန်တုပ်ကွေးဖြစ်ပွားမှုများ အသင့်အတင့်ရှိသည်။ အမျိုးသမီး၊ လူငယ်လူရွယ်၊ သက်ကြီးပိုင်းအများစုတို့သည်လည်း တစ်ကိုယ်ရည်သန့်ရှင်းရေးနှင့် ကျန်းမာရေးအသိအမြင်များ အသင့်အတင့်ရှိကြသည်။ ကျေးရွာသားများအနေဖြင့် အခြေခံကျန်းမာရေးစောင့်ရှောက်မှုများကို ကျေးရွာမှ (၃) မိုင်ခန့်အကွာရှိ ဒီးဒုတ်ကျေးရွာ ကျေးလက်ဆေးပေးခန်းနှင့် ရေလမ်းကြောင်းဖြင့် (၁၁) မိုင်ကျော်ခန့် အကွာရှိ ကန်ကြီးထောင့်မြို့နယ်ဆေးရုံသို့ သွားရောက်ဆေးကုသနိုင်ပါသည်။

ကျေးရွာတွင် မြစ်/ ချောင်းများမှရေကိုသာ အဓိကအမှီပြုသုံးစွဲရပြီး အဝီစိတွင်း သုံးစွဲသည့် အိမ်ထောင်စု အနည်းငယ်သာရှိပါသည်။ နွေရာသီတွင် သောက်သုံးရေမသန့်ရှင်းမှုများ၊ မလုံလောက်မှုများ၊ ဝမ်းပျက်ဝမ်းလျှောဖြစ်ပွားမှုများ တခါတရံ တွေ့ရှိရပါသည်။

(င) ပညာရေးနှင့် ကျွမ်းကျင်မှုများ

ကျေးရွာတွင် စာမတက်သူဦးရေမှာ ၁၀.၂% ခန့်ရှိသဖြင့် ပညာရေးအဆင့်အတန်း အသင့်အတင့်ရှိပါသည်။ ဘွဲ့ရရှိသူများနှင့် တက္ကသိုလ်ပညာသင်ကြားသူဦးရေ အလွန်နည်းပါးပါသည်။ အခြေခံပညာရေးကို ကျေးရွာမှ ၃ ဖာလုံခန့်ဝေးသည့် ကျေးရွာအုပ်စုအတွင်းရှိ ကျွဲခေါင်းကျေးရွာ မူလတန်းကျောင်းတွင်သင်ယူနိုင်ပါသည်။ တက္ကသိုလ်ပညာရေးကို ပုသိမ်မြို့တွင်သင်ကြားနိုင်ပါသည်။ သို့သော်

အသက်မွေးဝမ်းကျောင်းလုပ်ငန်းများဆိုင်ရာ ကျွမ်းကျင်မှုများမှာ နိမ့်ကျဆဲဖြစ်ပြီး လူငယ်လူရွယ်များအတွက် ကျွမ်းကျင်မှုအခြေခံသည့် အလုပ်အကိုင် အခွင့်အလမ်းများသည်လည်း နည်းပါးဆဲဖြစ်သည်။

(စ) ကျားမဆိုင်ရာဆက်နွယ်မှု

ကျေးရွာတွင် ကျားမဆိုင်ရာဆက်နွယ်မှုအနေအထားမှာ တည်ငြိမ်ကောင်းမွန်ပါသည်။ မိသားစုအတွင်း ကျား/ မတို့၏ အခန်းကဏ္ဍအသီးသီးကို ရပ်ရွာသတ်မှတ်ချက်များအတိုင်း ကျင့်သုံးကြပါသည်။ ကျားနှင့်မအကြား ပြင်းထန်သော အိမ်တွင်းအကြမ်းဖက်မှုနှင့် ခွဲခြားဆက်ဆံခြင်း ကိစ္စများ မတွေ့ရပါ။

ပညာရေးနှင့် ဆိုင်သော မူလတန်း၊ အလယ်တန်းနှင့် အထက်တန်းများရှိ ကိန်းဂဏန်းများတွင် ကျား၊ မ အရေအတွက်မှာ အနည်းငယ်ကွာခြားမှုရှိသော်လည်း အမျိုးသား၊ အမျိုးသမီးများသည် သာမန်အားဖြင့် ပညာရေးနှင့် အခြားနယ်ပယ်များတွင် အခွင့်အရေးတူညီစွာ ရရှိသည်ဟုပြောနိုင်ပါသည်။ သို့သော် လုပ်အားသဘာဝနှင့် အင်အားစိုက်ထုတ်ရမှုအရ နေ့တွက်လုပ်အားခငွေများမှာ အမျိုးသားများကပိုမိုရကြသည်။ အုပ်ချုပ်ရေးအဖွဲ့အစည်းများနှင့် အခြားလူမှုရေးလုပ်ငန်းများတွင်လည်း အမျိုးသမီးပါဝင်မှု အသင့်အတင့်ရှိကြသည်။ ကျား/မ တန်းတူညီမျှမှုနှင့်ပတ်သက်၍ အသိပညာပေးခြင်းများကို မြှင့်တင် ဆောင်ရွက်ပေးခြင်းဖြင့် ကျား/မ တန်းတူညီမျှမှု၊ ဖွံ့ဖြိုးမှုတို့အတွက် ပိုမိုအထောက်အပံ့ ဖြစ်လာနိုင်ပါသည်။

၄။ ကဏ္ဍအသီးသီး၏လက်ရှိဖွံ့ဖြိုးမှုအခြေအနေများ

(က) ဖွံ့ဖြိုးရေးဆိုင်ရာစီမံအုပ်ချုပ်မှု

ကျေးရွာတွင် လူမှုရေးအသင်းအဖွဲ့အနေဖြင့် သီးသန့်ဖွဲ့စည်းထားခြင်း မရှိသော်လည်း ယခင်က သာရေးနာရေး၊ လူမှုရေးအတွက် ဖွဲ့စည်းထားသည့် ရပ်မိရပ်ဖအဖွဲ့၊ ယခု ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများဦးဆောင် ဆောင်ရွက်ရန်အတွက် ဖွဲ့စည်းထားသည့် ကျေးရွာကော်မတီတို့သာရှိပြီး စီးပွားရေးအရ ဖွဲ့စည်းထားသော စိုက်ပျိုးမွေးမြူရေး သမဂ္ဂငွေအဖွဲ့လည်းရှိပြီး ကျေးရွာ လူထုမှ အဖွဲ့ဝင်များအဖြစ် ပါဝင်ကြပါသည်။

(ခ) သီးနှံ၊ သားငါး ထုတ်လုပ်ရေးကဏ္ဍ

ကျေးရွာတွင် မိုးစပါးနှင့် နွေစပါးကို အဓိကထားစိုက်ပျိုးကြပြီး အချို့အိမ်ထောင်စုများမှာ မွေးမြူရေးလုပ်ငန်းများကို တစ်နိုင်တစ်ပိုင်လုပ်ကိုင်ကြသည်။ လယ်ယာမြေ (၃၁.၇) ဧကခန့်ရှိပါသည်။ မိုးစပါးတစ်ဧက ပျမ်းမျှအထွက်နှုန်းမှာ (၆၀) တင်း၊ နွေစပါးတစ်ဧက ပျမ်းမျှအထွက်နှုန်း (၈၀) တင်းနှုန်းထွက်ရှိသည်။ သီးနှံစိုက်ခင်းများတွင် နှစ်စဉ်နှစ်တိုင်း ဖျက်ပိုးကျရောက်မှု အသင့်အတင့်ရှိပါသည်။

ကျေးရွာတွင် ကိုယ်ပိုင်လက်တွန်းထွန်စက်များ၊ ခြေလှေ့စက်များဖြင့် လုပ်ကိုင်သူများရှိသကဲ့သို့ လယ်ယာမြေနည်းပါးသူများမှာလည်း ငှားရမ်းလုပ်ကိုင်ကြပါသည်။ ကျေးရွာတွင် စပါးကိုအဓိက စိုက်ပျိုးသဖြင့် ကျေးရွာမှ ကျပန်းအလုပ်သမားများအတွက် အလုပ်အကိုင်အသင့်အတင့်ရရှိကြသည်။ စပါးရိတ်သိမ်းချိန်များတွင် ရိတ်သိမ်းခြေလှေ့စက်များဖြင့် ငှားရမ်းလုပ်ကိုင်ကြ၍ ကျပန်းလုပ်သားများအတွက် အလုပ်အကိုင် ပြတ်လပ်မှုများလည်း တစ်ခါတစ်ရံ ကြုံတွေ့ရလေ့ရှိပါသည်။

ကျေးရွာတွင် ဝက်မွေးသူအိမ်ထောင်စုမှာ တစ်ရွာလုံး၏ ၈၃.၇၅% ဝန်းကျင်ရှိပြီး ဒေသမှ ဝက်မျိုးများကို တစ်အိမ်လျှင် ၂ ကောင်မျှသာ မွေးမြူကြသည်။ ဒေသကြက်မွေးသည့် အိမ်ထောင်စုမှာ ၈၂.၅% ခန့်ရှိပြီး တစ်အိမ်လျှင် ၁၄ ကောင်နှုန်းခန့် မွေးမြူကြပါသည်။ ဘဲမွေးသည့် အိမ်ထောင်စုမှာ ၁၈.၇၅% ရှိပြီး ၁၃ ကောင်ခန့်သာ မွေးမြူကြပါသည်။ ရာသီအလိုက်ဖြစ်ပွါးတတ်သော ကြက်နာ၊ ဝက်နာစသည့် တိရိစ္ဆာန်ရောဂါများရံဖန်ရံခါကျရောက်တတ်သည်။ ကျေးရွာတွင် တစ်နိုင်တစ်ပိုင် မွေးမြူသည့် အိမ်ထောင်စုအရေအတွက်နှင့် မွေးမြူသည့်ကောင်ရေ အသင့်အတင့်သာရှိပါသည်။ စီးပွားဖြစ် မွေးမြူရေးလုပ်ငန်း နည်းပါးသည်။

(ဂ) စိုက်ပျိုးမွေးမြူရေးမဟုတ်သော အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ

ကျေးရွာတွင် အိမ်တွင်းမှုကုန်ထုတ်လုပ်ငန်းများမရှိပါ။ အခြားဝင်ငွေရလုပ်ငန်းများမှာ ငါးဖမ်းခြင်း၊ စက်ချုပ်ခြင်း၊ သယ်ယူပို့ဆောင်ရေး၊ ဈေးရောင်း၊ လက်သမား၊ ပန်းရံ စသည်တို့တွင် ကျပန်းအဖြစ် လုပ်ကိုင်ခြင်းတို့ဖြစ်ကြသည်။ လုပ်ငန်းအများစုမှာ ရာသီဥတုနှင့် အမျိုးအစားအလိုက် တွက်ခြေကိုက်မှု အနည်းအပါးမှ အသင့်အတင့် အနေအထားတွင်ရှိသည်။ လုပ်သက်နှင့် ပညာအရည်အချင်းအလိုက် လစာအမျိုးမျိုး ရရှိကြသည်။

ကျေးရွာတွင် အလုပ်လုပ်နိုင်သောဦးရေ အသင့်အတင့်ရှိပြီး လူ့အရင်းအမြစ် အလားအလာကောင်းတစ်ရပ်ဖြစ်သည်။ မြို့ပေါ်တွင် သက်မွေးဝမ်းကျောင်းသင်တန်းအချို့ကို ဝန်ဆောင်မှုပေးနိုင်သော လုပ်ငန်းများဖြစ်သော အပ်ချုပ်၊ ဆံပင်အလှပြင်၊ မုန့်လုပ်နည်း၊ မော်တော်ဆိုင်ကယ်ပြင်၊ မိုဘိုင်းဖုန်းပြင်၊ ဝပ်လျှော့စသည့် သက်မွေးဝမ်းကျောင်းသင်တန်းများရှိသော်လည်း ကျေးရွာမှာ လမ်းပန်းဆက်သွယ်ရေးမလွယ်ကူသဖြင့် ရွာသားအများစုသည် အဆိုပါသင်တန်းများနှင့် အထိအတွေ့နည်းပါးကြသည်။ လုပ်ငန်းခွင်သုံး ပညာအရည်အချင်းပိုင်းတွင်လည်း အနည်းငယ်နိမ့်ကျကြပြီး ကျွမ်းကျင်မှုအခြေခံသည့် အလုပ်အကိုင်ရရှိမှု အားနည်းသည်။

(ဃ) သဘာဝပါတ်ဝန်းကျင်နှင့် သယံဇာတစီမံခန့်ခွဲမှု

ကျေးရွာရှိ စပါးစိုက်ခင်းများတွင် ဖျက်ပိုးများကျရောက်တတ်ခြင်း၊ ပိုးသတ်ဆေးနှင့် ဓာတုမြေ

သြဇာသုံးစွဲမှုများပြားခြင်းတို့ကြောင့် မြေဆီလွှာအရည်အသွေးကျဆင်းလာနိုင်သည်။ စွန့်ပစ်ပစ္စည်း စီမံခန့်ခွဲမှုတွင်လည်း ပလပ်စတစ်အိတ်ခွံ၊ ပုလင်းခွံ၊ ဗူးခွံများကို စနစ်တကျမစွန့်ပစ်ကြသဖြင့် သဘာဝ ပတ်ဝန်းကျင်ဆိုင်ရာ အသိပညာပေးလုပ်ငန်းများ မြှင့်တင်ဆောင်ရွက်ပေးသင့်သည်။

ဤကျေးရွာမှာ မြေပြန့်ဒေသအပိုင်းတွင်တည်ရှိပါသည်။ တစ်ခါတစ်ရံ မြစ်ရေလျှံ၍ ရေကြီးခြင်း များရှိတက်ပါသည်။ ကျေးရွာ၏ ဘေးပတ်ဝန်းကျင်မှာ လယ်ယာမြေများ၊ မြစ်ချောင်းများနှင့် သစ်ပင် များဖြင့် စိမ်းလန်းစိုပြေနေ၍ မိုးခေါင်ခြင်းသဘာဝအန္တရာယ်မှာ အလွန်နည်းပါးပါသည်။

(c) ဘဏ်နှင့်ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု

ကျေးရွာမှတောင်သူများသည် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ ထုတ်ချေးသော ချေးငွေကို တစ်လအတိုးနှုန်း ၇၀ ပြားတိုး၊ တစ်ဧက တစ်သိန်းခွဲကျပ်နှုန်းဖြင့် အများဆုံး ဆယ်ဧကအတွက် ချေးယူ နိုင်ကြသည်။

(စ) ပညာရေး၊ ကျန်းမာရေး၊ ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေး

ကျေးရွာတွင် စာသင်ကျောင်းမရှိသဖြင့် အခြေခံပညာရေးကို (၃) ဖာလုံခန့်ဝေးသော ကျေးရွာ အုပ်စုအတွင်းရှိ ကျွဲခေါင်းကျေးရွာ မူလတန်းကျောင်းတွင် သင်ယူနိုင်ပြီး အလယ်တန်း၊ အထက်တန်း ပညာများကို ကျေးရွာမှ စက်လှေဖြင့်နာရီဝက်ခန့်သွားလာရသော (၆) မိုင်ခန့်ဝေးသည့် ကန်ကြီးထောင့် မြို့နယ်အတွင်းရှိ အဓလောက်ကျေးရွာအုပ်စု၊ ကုန်းစုကျေးရွာသို့လည်းကောင်း၊ ဆပ်ကွင်းကျေးရွာ အထက်တန်းကျောင်းသို့လည်းကောင်း၊ စက်လှေဖြင့်နာရီဝက်ခန့်သွားရသည့် အိမ်မဲမြို့နယ်ရှိ သရက် ကုန်းကျေးရွာနှင့် ဒဂုဆိပ်ကျေးရွာများသို့ လိုင်းသင်္ဘောများဖြင့် သွားရောက်တက်ရောက်ကြပါသည်။

ရွာသူရွာသားများအတွက် ကျန်းမာရေးဝန်ဆောင်မှုကို (၃) မိုင်ခန့်ဝေးသော ကျေးရွာအုပ်စု အတွင်းရှိ ဒီးဒုတ်ကျေးရွာ ကျေးလက်ဆေးပေးခန်းတွင် သွားရောက်ကုသနိုင်ပြီး (၁၁) မိုင်ခန့်ဝေးသည့် ကန်ကြီးထောင့်မြို့နယ်ဆေးရုံသို့လည်း သွားရောက်ကုသနိုင်ကြသည်။ အရေးပေါ်လိုအပ်ပါက ပုသိမ် မြို့နယ်ဆေးရုံကြီးသို့ သွားရောက်ကုသနိုင်ပါသည်။ သောက်သုံးရေအတွက် မိုးရေနှင့် မြစ်/ ချောင်း အတွင်းမှရေများကိုသာ သောက်သုံးကြသဖြင့် နွေရာသီတွင် သောက်သုံးရေမသန့်ရှင်းမှုများ၊ မလုံ လောက်မှုများရှိတက်ပါသည်။

(ဆ) လူငယ်နှင့် ယဉ်ကျေးမှု

လူငယ်များအတွက် အပန်းဖြေအနားယူနိုင်မည့် အနေအထားသီးသန့်မရှိသော်လည်း ပျော်ပွဲ ရွှင်ပွဲများ ကျင်းပလေ့ရှိပါသည်။ လူငယ်အချို့သည် အရက်သေစာသောက်စားမှု အနည်းငယ် ရှိကြသော်လည်း လူမှုရေးလုပ်ငန်းများတွင် တက်ကြွစွာပါဝင်ကူညီဆောင်ရွက်ကြပြီး ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်း

များတွင်လည်း ပူးပေါင်းပါဝင်မှုများရှိသည်။ လူငယ်များအသိဉာဏ်ဖွံ့ဖြိုးရေးအတွက် အသိပညာပေး ဟောပြောပွဲများ ပြုလုပ်ပေးရန်လည်း လိုအပ်လျက်ရှိပါသည်။

(ဇ) အခြေခံ အဆောက်အဦ - လမ်းတံတား၊ လျှပ်စစ်စွမ်းအား၊ သတင်းနှင့် ဆက်သွယ်ရေး

ရွာတွင်းလမ်းမှာ ယခုစာအုပ်ရေးသားချိန်တွင် ကွန်ကရစ်လမ်းအဖြစ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ (၂၀၁၉-၂၀၂၀) ဘဏ္ဍာနှစ် ကျေးရွာဖွံ့ဖြိုးရေးရန်ပုံငွေဖြင့် ဆောင်ရွက်နေပြီဖြစ်ပါသည်။ ထို့ပြင် ကျွဲခေါင်းကျေးရွာနှင့်ဆက်သော ရွာချင်းဆက်လမ်းအား ပေ ၆၀၀ ခန့် ဆက်လက်ဆောင်ရွက်နေပြီဖြစ်သော်လည်း လမ်းအဆုံးထိဆောင်ရွက်နိုင်ခြင်းမရှိသေးပါ။ ကျေးရွာတွင် သယ်ယူပို့ဆောင်ရေးအတွက် မြစ်/ ချောင်းကိုသာအဓိကအသုံးပြုပါသည်။ ကျေးရွာတွင် ဆိပ်ခံတံတား တစ်စင်း၊ ကွန်ကရစ်တံတားတစ်စင်းနှင့် အနည်းငယ် ပျက်စီးနေသော သစ်သားတံတား တစ်စင်းရှိပါသည်။

မိမိတို့ကျေးရွာတွင် လျှပ်စစ်မီးမရရှိသဖြင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် ပူးပေါင်းဆောင်ရွက်ထားသော ဆိုလာမီးများသာ အသုံးပြုကြပါသည်။ ထို့ပြင် ဘတ္ထရီမီး၊ ဒီဇယ်အင်ဂျင်၊ ဖယောင်းတိုင်မီးနှင့် ရေနံဆီမီး အသုံးပြုသူများလည်း ရှိပါသည်။

ကျေးရွာတွင် မိုဘိုင်းဖုန်းဆက်သွယ်ရေးကို စျေးကွက်နှင့် အခြားလူမှုဝန်ဆောင်မှုလုပ်ငန်းများအတွက် လက်လှမ်းမှီအသုံးပြုနိုင်ကြသည်။ အိမ်ထောင်စုအားလုံးနီးပါး လက်ကိုင်ဖုန်းများ အသုံးပြုနေကြပြီဖြစ်သည်။ ကျေးရွာတွင် အင်တာနက်အသုံးပြုနိုင်မှုမှာ အသင့်အတင့်မျှသာကောင်းမွန်ပြီး အခြား သတင်းအချက်အလက်များအတွက် ချိတ်ဆက်အသုံးပြုနိုင်သည်။

(ဈ) တည်ငြိမ်အေးချမ်းမှုနှင့်ပြည်သူ့လုံခြုံရေး

ကျေးရွာတွင် ရာဇဝတ်မှုခင်း ဖြစ်ပွားမှုနည်းပါးပြီး တည်ငြိမ်အေးချမ်းမှုကြောင့် ကုန်စည်ကူးသန်းရောင်းဝယ်မှုကို ချောမွေ့စေသည်။ ရွာသားများသည် မိုဘိုင်းတယ်လီဖုန်းဆက်သွယ်ရေးကို အသုံးပြုနိုင်ကြပြီး လိုအပ်သော သတင်းအရင်းအမြစ်များအတွက် လိုအပ်သလို ဆက်သွယ်သိရှိနိုင်သည်။ သဘာဝဘေးအန္တရာယ်လျော့ပါးရေးအစီအစဉ် သီးသန့်ရေးဆွဲထားခြင်းမရှိပါ။ ရွာသားများသည် ကန်ကြီးထောင့်ရဲစခန်းသို့ အလွယ်တကူချိတ်ဆက်နိုင်ပြီး ကျေးရွာတွင်ရာဇဝတ်မှုဖြစ်ပွားခြင်းနည်းပါးသည်။

၅။ ဖွံ့ဖြိုးရေးအတွက် အထောက်ပံ့ဖြစ်စေမည့် အခြေနေကောင်းများ၊ အဟန့်အတားနှင့် စိန်ခေါ်မှုများ

(က) ဖွံ့ဖြိုးရေးအတွက် အထောက်ပံ့ဖြစ်စေမည့် အခြေနေများ

ချောင်းဝကျေးရွာသည် ပထဝီဝင်အနေအထားအရ မြေပြန့်ဒေသဖြစ်ပြီး ပမ္မဝတီမြစ်ဘေးတွင်

တည်ရှိ၍ ကန်ကြီးထောင့်မြို့နယ်၊ ဘဲဂရက်-ဒီးဒုတ်လမ်းမကြီးမှတစ်ဆင့် ရေလမ်းဖြင့် သွားလာနိုင်ပါသည်။ အိမ်မဲမြို့နယ်ဘက်မှလည်း ရေကြောင်းလမ်းဖြင့် လာရောက်နိုင်ပါသည်။ ရွာတွင်းလမ်းမှာ ယခု စာအုပ်ရေးသားချိန်တွင် ကွန်ကရစ်လမ်းများအဖြစ် ဆောင်ရွက်နေပြီဖြစ်၍ ရာသီမရွေး သွားလာနိုင်ပါသည်။ အဓိကဆက်သွယ်ရသော ကျွဲခေါင်းကျေးရွာနှင့် ဆက်သည့် ကျေးရွာချင်းဆက်လမ်းမှာလည်း ကွန်ကရစ်လမ်းအဖြစ် ပေ ၆၀၀ ခန့် ခင်းထားပြီးဖြစ်ပါသည်။

ကျေးရွာတွင် စာသင်ကျောင်းမရှိသော်လည်း အခြေခံပညာရေးကို ကျေးရွာမှ (၃) ဖာလုံခန့်သာဝေးသော ကျွဲခေါင်းကျေးရွာ မူလတန်းကျောင်းတွင် သင်ယူနိုင်ပြီး အလယ်တန်း၊ အထက်တန်းပညာကို (၆) မိုင်ခန့်ဝေးသည့် ကုန်းစုကျေးရွာ၊ ဆပ်ကွင်းကျေးရွာနှင့် အိမ်မဲမြို့နယ်အတွင်းရှိ သရက်ကုန်း၊ ဒဂူဆိပ်ကျေးရွာများတွင်လည်း သွားရောက်သင်ယူနိုင်ပါသည်။ ကျေးရွာတွင် စျေးဆိုင်လေးများရှိပြီး အိမ်မဲ-ဒါးကပြေးဆွဲသည့် လိုင်းသဘော်များဖြင့် (၁) နာရီခွဲခန့်သွားရသည့် ဒါးကကျေးရွာသို့လည်းကောင်း၊ ကျေးရွာမှ (၁၁) မိုင်ခန့်ဝေးသည့် ကန်ကြီးထောင့်မြို့နယ်စျေးသို့လည်းကောင်း၊ ပုသိမ်မြို့မစျေးသို့လည်းကောင်း သွားရောက်ဝယ်ယူရရှိနိုင်ပြီး ပစ္စည်းစုံလင်စွာရရှိနိုင်ပေသည်။

ကျေးရွာမှ (၇) မိုင်ခန့်အကွာရှိ (၁၀၈) တောင်စေတီတော်မြတ်ကြီး တည်နေရာတွင် လျှပ်စစ်မီးရရှိနေပြီဖြစ်သော်လည်း ကျေးရွာမှာ မြစ်ချောင်းများခြားနေခြင်းနှင့် အနည်းငယ်အလှမ်းဝေးခြင်းကြောင့် လျှပ်စစ်မီးမရရှိသေးသဖြင့် ဆိုလာမီးကိုသာ အဓိကအသုံးပြုကြရပါသည်။ ချက်ပြုတ်စားသောက်ရာတွင် ထင်းမီးကိုသာ အဓိကအသုံးပြုကြပါသည်။ ဆိုလာအသုံးပြုကြသဖြင့် ကျောင်းသူ/ သားများ၏ စာဖတ်ချိန်ကို အထောက်အပံ့ဖြစ်ခြင်း၊ အားလပ်ချိန်များတွင် ဗဟုသုတရဖွယ် သုတ၊ ရသနှင့် သတင်းအစုံအလင်အား တီဗွီဖန်သားပြင်မှကြည့်ရှုနိုင်ကြပါသည်။ ချို့တဲ့သောအိမ်ထောင်စုများတွင် ဖယောင်းတိုင်မီးများ၊ ရေနံဆီမီးများကို အသုံးပြုကြရသည်။

လူဦးရေအားလုံး၏ ၇၄.၄% မှာ အလုပ်လုပ်နိုင်သည့် အရွယ်များဖြစ်ကြသည်။ ကျေးရွာလူထု၏ ကျန်းမာရေးအခြေအနေမှာ ယေဘုယျအားဖြင့်ကောင်းမွန်ပြီး ဆေးဝါးကုသလိုမှုအတွက် ကျေးရွာမှ (၃) မိုင်ခန့်အကွာရှိ ဒီးဒုတ်ကျေးရွာကျေးလက်ဆေးပေးခန်းနှင့် (၁၁) မိုင်ခန့်အကွာရှိ ကန်ကြီးထောင့်မြို့နယ်ဆေးရုံသို့ ရေကြောင်းလမ်းတစ်သွယ်၊ ကုန်းလမ်းတစ်သွယ်ဖြင့် သွားရောက်ကုသနိုင်ကြသည်။ စိုးရိမ်ရသောဆေးဝါးကုသလိုမှုအတွက် ပုသိမ်မြို့ပေါ်ရှိ ဆေးရုံကြီး၊ ပုဂ္ဂလိကဆေးရုံများသို့ သွားရောက်ကုသမှုခံယူနိုင်ကြသည်။

ကျေးရွာအတွင်းဖွဲ့စည်းထားသော လူထုအခြေပြုအဖွဲ့အစည်းအဖြစ် ယခင်ဖွဲ့စည်းထားသော သာရေးနာရေးနှင့် လူမှုဖွံ့ဖြိုးရေးအဖွဲ့၊ ကျေးရွာဖွံ့ဖြိုးရေးကော်မတီအဖွဲ့နှင့် စိုက်ပျိုးမွေးမြူရေးချေးငွေအဖွဲ့များရှိပြီး အဖွဲ့များ၏ လုပ်ငန်းလည်ပတ်မှုမှာ အသင့်အတင့်ကောင်းမွန်ကြပေသည်။ ပြင်ပ

ပုဂ္ဂလိကငွေချေးအဖွဲ့များ၊ အစိုးရဌာနများနှင့် အချိတ်အဆက်ပိုမိုကောင်းမွန်လာစေရန် မျှော်လင့်ပြီး ထိုအထောက်အပံ့များဖြင့် ကျေးရွာအတွက် လယ်ယာလုပ်ငန်းလုပ်ကိုင်ဆောင်ရွက်မှုနှင့် အခြား အသေးစားလုပ်ငန်းများ လုပ်ကိုင်ဆောင်ရွက်ရန် အထောက်အပံ့ကောင်းများ ဖြစ်လာစေရေးမျှော်လင့် ပါသည်။

သဘာဝအရင်းအမြစ်များတွင် လယ်မြေများသည်မြေပြန့်ဖြစ်ပြီး မြေဆီဩဇာ အတော်အသင့် ကောင်းမွန်သည်။ ပမ္ဘဝတီမြစ်ဘေးတွင် တည်ရှိ၍ တောင်သူများလည်း လယ်ယာထွက်ကုန်များကို ရေ လမ်းဖြင့် အလွယ်တကူ သယ်ယူပို့ဆောင်ရောင်းချနိုင်ပြီး ဈေးကွက်မှာ အသင့်အတင့်ကောင်းမွန် ပါသည်။ စပါးကို အဓိကစိုက်ပျိုးကြပြီး တစ်နှစ်ပတ်လုံးရေချို့ရရှိသဖြင့် နွေစပါး၊ မိုးစပါးတို့ကို လွန်စွာ အထောက်အကူဖြစ်စေသည်။

ကျေးရွာတွင် ရာဇဝတ်မှုခင်းဖြစ်ပွားမှုနည်းပါးပြီး တည်ငြိမ်အေးချမ်းမှုကြောင့် ကုန်စည်ကူး သန်းရောင်းဝယ်မှုကိုချောမွေ့စေသည်။ ကျေးရွာတွင် မိုဘိုင်းဖုန်းဆက်သွယ်ရေးကို ဈေးကွက်နှင့် အ ခြားလူမှုဝန်ဆောင်မှုလုပ်ငန်းများအတွက် လက်လှမ်းမှီအသုံးပြုနိုင်ကြသည်။

လူမှုရေးပရဟိတအသင်းအဖွဲ့များ အားနည်းသော်လည်း ကျန်းမာရေးနှင့် အခြားလူမှုရေး ကိစ္စအဝဝတွင် ကျေးရွာရှိလူငယ်များမှာ လိုအပ်လျှင်လိုအပ်သလို ကူညီဆောင်ရွက်ပေးကြသည်။

(ခ) အဟန့်အတားနှင့် စိန်ခေါ်မှု

ကျေးရွာအနေအထားအရ ယေဘုယျအားဖြင့် အဟန့်အတားစိန်ခေါ်မှုများအဖြစ် ရွာတွင်း သစ်သားတံတားပျက်စီးနေခြင်း၊ ငွေကြေးအရင်းအနှီးလုံလောက်မှုမရှိခြင်း၊ ရွာချင်းဆက်လမ်းများ ပြန်လည်တိုးချဲ့ ပြုပြင်ဆောင်ရွက်ရန်လိုအပ်ခြင်း၊ သန့်ရှင်းသောသောက်သုံးရေ လုံလောက်စွာမရရှိ ခြင်း၊ လျှပ်စစ်မီး မရရှိခြင်းနှင့် ကျန်းမာရေးအသိပညာ အားနည်းခြင်းတို့မှာ အဓိကဖြစ်ပါသည်။

မွေးမြူရေးလုပ်ငန်းတွင် တိရိစ္ဆာန်ရောဂါကျရောက်ခြင်းနှင့် စိုက်ပျိုးရေးအတွက် သီးနှံပိုးမွှား များ၊ ရောဂါများကျရောက်မှုအန္တရာယ်ရင်ဆိုင်ရလေ့ရှိပြီး လယ်ယာစိုက်ပျိုးရေးအတွက် အဟန့်အတား နှင့် စိန်ခေါ်မှုတစ်ခုအဖြစ်တည်ရှိနေပါသည်။

၆။ ပန်းတိုင်နှင့် မဟာဗျူဟာ

(က) ဖွံ့ဖြိုးရေးပန်းတိုင်

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ အဖွဲ့နှင့် တိုင်ပင်ညှိနှိုင်းပြီးလာမည့် ငါးနှစ်တာ ကာလအတွက် ကျေးရွာဖွံ့ဖြိုးရေးပန်းတိုင်များကို အောက်ပါအတိုင်း ချမှတ်ထားပါသည်_

က.၁) ကျွန်ုပ်တို့ကျေးရွာလူထုသည် လမ်းပန်းဆက်သွယ်ရေး ပိုမိုကောင်းမွန်လာအောင် တိုးချဲ့ဖန်တီးခြင်းမှတစ်ဆင့် ကျေးရွာအခြေခံ အဆောက်အဦများကို တိုးတက်ကောင်းမွန်လာအောင် ဆောင်ရွက်ခြင်းဖြင့် လူမှုစီးပွား ဘဝကို တိုးတက်ရရှိစေမည်။

က.၂) ကျွန်ုပ်တို့ရွာလူထုသည် သန့်ရှင်းသော သောက်သုံးရေရရှိရေးနှင့် ကျေးရွာမီးလင်းရေး ဆောင်ရွက်သွားမည်။

က.၃) ကျေးရွာရှိပြည်သူများ၏ ကျန်းမာရေးဆိုင်ရာ အထောက်အပံ့များ ပိုမိုရရှိလာနိုင်ရေး ပူးပေါင်းဆောင်ရွက်သွားမည်။

က.၄) စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ ပိုမိုကောင်းမွန်လာရေး ပူးပေါင်းဆောင်ရွက်သွားမည်။

က.၅) အသိပညာနှင့် လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် ငွေကြေးအရင်းအနှီးများ၊ အလုပ်အကိုင် အခွင့်အလမ်းများရရှိရေး ပူးပေါင်းဆောင်ရွက်သွားမည်။

(ခ) အကောင်အထည်ဖော်နည်းဗျူဟာ

ကျွန်ုပ်တို့သည် အထက်တွင်ဖော်ပြထားသော ကျေးရွာဖွံ့ဖြိုးရေးပန်းတိုင်များကို ရောက်ရှိရန် အောက်ပါအကောင်အထည်ဖော်မှုများကို ဆောင်ရွက်သွားကြမည် -

ခ.၁) ကျေးရွာတွင် လမ်းပန်းဆက်သွယ်ရေး ပိုမို အဆင်ပြေချောမွေ့စေရန် ရွာချင်းဆက်လမ်းများတိုးချဲ့ဆောင်ရွက်ခြင်း၊ ရွာတွင်းတံတား ပြန်လည်ပြုပြင်တည်ဆောက်ခြင်းများကို သက်ဆိုင်ရာဌာနများနှင့် ချိတ်ဆက်ဆောင်ရွက်သွားမည်။

ခ.၂) သန့်ရှင်းသောသောက်သုံးရေအတွက် စက်ရေတွင်းနှင့် ကျေးရွာမီးလင်းရေးအတွက် မဟာဓာတ်အားလိုင်းလျှပ်စစ်မီး ရရှိအောင် ဆောင်ရွက်သွားမည်။

ခ.၃) ကျန်းမာရေးဆိုင်ရာအထောက်အပံ့များဖြစ်သည့် အသိပညာပေးဟောပြောပွဲများ၊ ကျန်းမာရေးအဆောက်အဦများရရှိအောင် သက်ဆိုင်ရာဌာနများနှင့် ချိတ်ဆက်ဆောင်ရွက်သွားမည်။

ခ.၄) စိုက်ပျိုးရေးနည်းပညာများ၊ မွေးမြူရေးနည်းပညာများရရှိရေး သက်ဆိုင်ရာဌာနများနှင့် ချိတ်ဆက်ဆောင်ရွက်သွားမည်။

ခ.၅) ငွေကြေးအရင်းအနှီးအတွက် အတိုးနည်းချေးငွေများ၊ အသက်မွေးဝမ်းကျောင်းသင်တန်းများ၊ စာကြည့်တိုက်နှင့် အလုပ်အကိုင်အခွင့်အလမ်းများရရှိရေး သက်ဆိုင်ရာ

ဌာနများနှင့် ချိတ်ဆက်ဆောင်ရွက်သွားမည်။

၇။ ကျေးရွာဖွံ့ဖြိုးတိုးတက်မှုကိစ္စရပ်များနှင့် ဗဟိုအဆင့်မူဝါဒများအကြား အစီအစဉ်ကျသော ချိတ်ဆက်မှုများ

အစိုးရ၏မူဝါဒနှင့် လုပ်ငန်းအစီအစဉ်တို့ကို ရင်းနှီးကျွမ်းဝင်ပြီးသော အစိုးရဌာနဆိုင်ရာများနှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ နည်းပညာအကြံပေးအဖွဲ့တို့၏ အကြံပြုချက်အရ ပြုစုဖော်ပြထားပါသည်။ ဤအဖွဲ့အစည်းများအနေဖြင့် နိုင်ငံတော်အဆင့်မှသည် ဒေသဆိုင်ရာအဆင့်၊ ထိုမှတစ်ဆင့် ကျွန်ုပ်တို့ကျေးရွာအဆင့်ထိ ပံ့ပိုးမှုပေးနိုင်မည့် အစိုးရဌာနများနှင့် အဖွဲ့အစည်းများကို ရှာဖွေဖော်ထုတ်ပေးနိုင်ကြပါမည်။

(က) ကျေးရွာဖွံ့ဖြိုးရေးရည်မှန်းချက်ရေးဆွဲခြင်းနှင့် ပုံမှန်စိစစ်ခြင်း

ဤကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်လုပ်ငန်းအား နည်းပညာအထောက်အပံ့များ ပံ့ပိုးပေးမှုသည် အလွန်အရေးပါပါသည်။ အနာဂါတ်တွင်လည်း ရေရှည်တည်တံ့မည့်အထောက်အပံ့များကို နိုင်ငံတော် အစိုးရထံမှရရှိမည်ဟုမျှော်လင့်ပါသည်။ ကျွန်ုပ်တို့ကျေးရွာသားများကိုယ်တိုင် အားထုတ်လုပ်ကိုင် ရရှိခဲ့မှုများကို ပြန်လည်စိစစ်ခြင်း၊ နောက်ဆုံးအတည်ပြုထားသည့် ဖွံ့ဖြိုးရေးအစီအစဉ်များကိုလည်း သတ်မှတ်ကာလအတိုင်း ပုံမှန်စိစစ်သွားနိုင်ပါမည်။ အရေးကြီးသည့်အချက်မှာ ဦးစားပေးစီမံချက်များနှင့် ဘတ်ဂျတ်ပမာဏပါဝင်သည့် နှစ်ပတ်လည်ဖွံ့ဖြိုးရေးစီမံချက်ပြင်ဆင်ရန်ဖြစ်သည်။

(ခ) ကျေးရွာချင်းဆက်လမ်းနှင့် တံတားများ အဆင့်မြှင့်ပြုပြင်ခြင်း

ဆက်လက်ခင်းရန် ကျန်ရှိသော ချောင်းဝ-ကျွဲခေါင်းဆက်သောလမ်းနှင့် ရွာတွင်းသစ်သားတံတားအား ပြန်လည်ပြုပြင်တည်ဆောက်ရန် သက်ဆိုင်ရာဌာနများဖြစ်သည့် ကျေးလက်လမ်းဦးစီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနတို့နှင့် ချိတ်ဆက်ဆောင်ရွက်ပါမည်။ နောင်လာမည့်နှစ်များတွင်လည်း လိုအပ်သလို ပြုပြင်ထိန်းသိမ်းမှုများကို သက်ဆိုင် ရာနှင့် ကျေးရွာမှပူးပေါင်းကာ ဆက်လက်ဆောင်ရွက်သွားပါမည်။ ကျေးရွာဖွံ့ဖြိုးရေးကော်မတီမှလည်း လိုအပ်သလိုပူးပေါင်းဆောင်ရွက်ပါမည်။

(ဂ) သန့်ရှင်းသောသောက်သုံးရေနှင့် မီးလင်းရေး ဆောင်ရွက်ခြင်း

ကျေးရွာတွင် သန့်ရှင်းသောသောက်သုံးရေ လုံလောက်စွာရရှိရေးအတွက် စက်ရေတွင်းတူးဖော်ရန် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် ချိတ်ဆက်ဆောင်ရွက်သွားပါမည်။ ကျေးရွာရှိ ကျောင်းသား/ သူများအတွက်အထောက်အပံ့ဖြစ်ရေးနှင့် ရွာတွင်းရှိ စီးပွားရေး၊ လူမှုရေးလုပ်ငန်းများ

အပြင် အခြားကုန်ထုတ်လုပ်ငန်းများပါ ဆောင်ရွက်နိုင်ရေးအတွက် မဟာဓာတ်အားလိုင်း လျှပ်စစ်မီး ရရှိအောင်ဆောင်ရွက်ရန် သက်ဆိုင်ရာ လျှပ်စစ်ဦးစီးဌာနနှင့် ချိတ်ဆက်ဆောင်ရွက်သွားမည်။

(ဃ) ကျန်းမာရေး အထောက်အပံ့များ ရရှိအောင်ဆောင်ရွက်ခြင်း

ကျေးရွာရှိ ပြည်သူများအတွက် ကျန်းမာရေးအထောက်အပံ့များအဖြစ် အသိပညာပေး ဟောပြောပွဲများနှင့် ကျေးရွာတွင်း ကျန်းမာရေးဝန်ဆောင်မှုများ အလွယ်တကူရရှိရန် ကျေးလက် ဆေးပေးခန်းရရှိရေး သက်ဆိုင်ရာ ကျန်းမာရေးဦးစီးဌာနနှင့် ချိတ်ဆက်ဆောင်ရွက်သွားပါမည်။

(င) စိုက်ပျိုးမွေးမြူရေးလုပ်ငန်း တိုးမြှင့်နိုင်ရေး ဆောင်ရွက်ခြင်း

စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများတိုးမြှင့်နိုင်ရေးအတွက် စိုက်ပျိုးရေးနည်းပညာများ၊ မွေးမြူရေးနည်းပညာများရရှိအောင် သက်ဆိုင်ရာဌာနများဖြစ်သည့် စိုက်ပျိုးရေးဦးစီးဌာန၊ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနတို့နှင့် ချိတ်ဆက်ဆောင်ရွက်သွားပါမည်။

(စ) လူမှုစီးပွားဘဝနှင့် လူငယ်များ ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ခြင်း

ငွေကြေးအရင်းအနှီးအတွက် အတိုးနည်းချေးငွေများ၊ လူငယ်များတိုးတက်ရေးအတွက် အသက်မွေးဝမ်းကျောင်းသင်တန်းများ၊ စာကြည့်တိုက်နှင့် အလုပ်အကိုင်အခွင့်အလမ်းများရရှိရေး သက်ဆိုင်ရာဌာနများဖြစ်သည့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ပညာရေးဦးစီးဌာနများနှင့် ချိတ်ဆက်ဆောင်ရွက်သွားမည်။

၈။ စီမံကိန်း၊ စီမံချက်များနှင့် အကောင်အထည်ဖော်ဆောင်ရွက်မှု အချိန်ကာလ

ဗျူဟာဆိုသည်မှာ ချမှတ်ထားသော ပန်းတိုင်များကို ရောက်ရှိရန် အကောင်ထည်ဖော်မည့် နည်းလမ်းဖြစ်သည်။ နည်းလမ်းဆိုသည်မှာ မည်သည့်စီမံချက်များကို မည်သို့အကောင်ထည်ဖော်မည်ဆိုသည့်သဘောပင်ဖြစ်သည်။ ထို့ကြောင့် စီမံချက်များသည် ချမှတ်ထားသော ပန်းတိုင်များကိုရောက်ရှိရန် ငါးနှစ်တာစီမံချက်ကာလအတွင်းပါဝင်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းအကောင်အထည်ဖော်မှုဆိုင်ရာ အဓိကသော့ချက်များဖြစ်သည်။

(က) နှစ်ပတ်လည်ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်

ကျေးရွာလူထုက ငါးနှစ်တာအတွက် စီမံကိန်းရေးဆွဲစဉ်အချိန်က ဦးစားပေးအစီအစဉ်ချခဲ့သော စီမံကိန်းများသည် ငါးနှစ်တာလုံးအတွက် ပြီးပြည့်စုံပြီဟုမဆိုနိုင်ပါ။ ဦးစားပေးစီမံကိန်းအချို့ကို ရှေ့ပိုင်းနှစ်များတွင် ဆောင်ရွက်နေစဉ် နောက်ထပ်ဦးစားပေးစီမံကိန်းအသစ်များပေါ်လာပါမည်။ ပုံမှန်အားဖြင့်

စနစ်တကျရေးဆွဲထားသော ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်မူဘောင်သည် သဘာဝဘေးအန္တရာယ် ဆိုးဆိုးဝါးဝါးမကျပါက ပြောင်းလဲမှုသိသိသာသာမရှိနိုင်ပဲ နောက်တိုးဦးစားပေးစီမံကိန်း လုပ်ငန်းအချို့ကို နှစ်ပတ်လည်ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်တွင် ထည့်သွင်းခြင်းအားဖြင့် အစဉ်သဖြင့် ငါးနှစ်တာ စီမံချက်တစ်ခု အသင့်အနေအထားတွင် ရှိနေပါမည်။

(ခ) ကဏ္ဍနှင့် ရင်းနှီးမြှုပ်နှံမှုအမျိုးအစားကို အခြေခံ၍ စီမံချက်ကို အုပ်စုခွဲခြားခြင်း

စီမံကိန်းများကို မည်သည့်ဝန်ကြီးဌာန၊ ဦးစီးဌာနနှင့် သက်ဆိုင်သည်ဟု လုပ်ငန်းကဏ္ဍဆိုင်ရာ အရာခွဲခြားခြင်း (Functional classification) နှင့် စီးပွားရေးအကျိုးဖြစ်ထွန်းမှုနှင့် အကျိုးသက်ရောက်မှုဆိုင်ရာ ရင်းနှီးမြှုပ်နှံမှုကိုအခြေခံ၍ အုပ်စုသတ်မှတ်ခြင်း (Economic classification) ဟူ၍ နှစ်မျိုး ရှိသည်။

လုပ်ငန်းကဏ္ဍကို အခြေခံ၍ စီမံကိန်းအုပ်စုသတ်မှတ်ခြင်း (Functional classification) – ဝန်ကြီးဌာနများ၊ ဦးစီးဌာနများက ယင်းတို့၏လုပ်ငန်းတာဝန်များအလိုက် ဖော်ထုတ်ထားသော လုပ်ငန်းကဏ္ဍအပိုင်းအခြားများကို သိရှိစေနိုင်သည်။

ရင်းနှီးမြှုပ်နှံမှုအမျိုးအစားကိုအခြေခံ၍ စီမံကိန်းအုပ်စုသတ်မှတ်ခြင်း (Economic classification) တွင်

- သာမန်အသုံးစရိတ်
- ငွေလုံးငွေရင်းအသုံးစရိတ်၊
- စွမ်းဆောင်ရည်မြှင့်တင်ရေးအသုံးစရိတ်
- လူသားချင်းစာနာမှုဆိုင်ရာ အထောက်အပံ့တို့ ပါဝင်သည်။

(ဂ) ဦးစားပေးစီမံချက်များ

စီမံချက်များအလိုက် ဦးစားပေးအစီအစဉ်များကို ၎ယားဖြင့်ဖော်ပြထားပါသည်။ ကျေးရွာလူထုသည် နှစ်သက်ရာအမှတ်ပေးအဆင့်ခွဲခြင်းစနစ်ဖြင့် ရွာလုံးကျွတ်အစည်းအဝေးတွင် စီမံချက်များ ဦးစားပေးအစီအစဉ်ကို ဖော်ထုတ်ထားပါသည်။ တချို့စီမံချက်များကို ရေးဆွဲရာတွင် မြို့နယ်အဆင့် ဌာနဆိုင်ရာအဖွဲ့အစည်းများနှင့် အခြားအေဂျင်စီများထံမှ နည်းပညာအကူအညီများရရှိရန်လည်း လိုအပ်ပါသည်။ ကျေးရွာဖွံ့ဖြိုးရေးအစည်းအဝေးတွင် သဘောတူသတ်မှတ်ထားသော ဦးစားပေး စီမံချက်လုပ်ငန်းများမှာ အောက်ပါအတိုင်း ဖြစ်ပါသည်_

ဧရာဝတီတိုင်းဒေသကြီး၊ ကန်ကြီးထောင့်မြို့နယ်၊ ချောင်းဝကျေးရွာ၊ ဦးစားပေးစီမံချက်များ

ကဏ္ဍ/ ကဏ္ဍခွဲ	စီမံချက်	ရမှတ်ပေါင်း	ဦးစားပေးအဆင့်	ဖော်ပြချက်	မှတ်ချက်
အခြေခံအဆောက်အအုံ					
	၁။ သန့်ရှင်းသော သောက်သုံးရေရရှိရေး စက်ရေတွင်းတူးဖော်ရန်	၁၀၀	၁	- မြစ်ချောင်းမှရေကို အသုံးပြုရသဖြင့် သန့်ရှင်းသော သောက်သုံးရေလုံလောက်စွာရရှိရေး စက်ရေတွင်း တူးဖော်ရန်	ကျေးလက် ဦးစီးဌာန
	၂။ ချောင်းဝ-ကျွဲခေါင်းရွာချင်းဆက်လမ်းအား လမ်းအကျယ်ချဲ့၍ ကွန်ကရစ်ခင်းရန်	၉၉	၂	- ချောင်းဝ-ကျွဲခေါင်းရွာချင်းဆက်လမ်းမှာ ပညာရေးအတွက် အဓိကအသုံးပြုရပြီး လမ်းမှာကျဉ်းမြောင်းပြီး အချို့လမ်းပိုင်းများ ပျက်စီးနေသဖြင့် လမ်းအကျယ်ချဲ့၍ ကွန်ကရစ်ခင်းရန်	ကျေးလက်/ လမ်း ဦးစီးဌာန
	၃။ ရွာတွင်းတံတားအား ကွန်ကရစ်ဖြင့် ပြန်လည်တည်ဆောက်ရန်	၉၅	၃	- ရွာတွင်းသစ်သားတံတားမှာ ကာလကြာမြင့်၍ ဆွေးမြေ့နေသဖြင့် ကွန်ကရစ်ဖြင့် ပြန်လည်တည်ဆောက်ရန်	ကျေးလက်/ လမ်း ဦးစီးဌာန
	၄။ လျှပ်စစ်မီး ချထားပေးရန်	၈၅	၆	- ကျေးရွာတွင် လျှပ်စစ်မီးမရရှိသဖြင့် မဟာဓာတ်အားလိုင်း လျှပ်စစ်မီး ဆောင်ရွက်ပေးရန်	ကျေးလက်/ လျှပ်စစ် ဦးစီးဌာန
ကျန်းမာရေး					
	၅။ ကျေးလက်ဆေးပေးခန်း ချထားပေးရန်	၉၄	၄	- ကျန်းမာရေးဝန်ဆောင်မှုများ အလွယ်တကူရရှိနိုင်ရေး ကျေးလက်ဆေးပေးခန်းချထားပေးရန်နှင့် ကျန်းမာရေး အသိပညာပေးဟောပြောပွဲများ ဆောင်ရွက်ပေးရန်	ပညာရေး ဦးစီးဌာန

ကဏ္ဍ/ ကဏ္ဍခွဲ	စီမံချက်	ရမှတ် ပေါင်း	ဦးစားပေး အဆင့်	ဖော်ပြချက်	မှတ်ချက်
ငွေကြေး					
	၆။ မြစိမ်းရောင် အတိုးနည်းချေးငွေများချထား ပေးရန်	၉၀	၅	- စိုက်ပျိုးမွေးမြူရေးနှင့် အခြားဝင်ငွေရလုပ်ငန်းများ လုပ်ကိုင်နိုင်ရန် မြစိမ်းရောင် အတိုးနည်းချေးငွေများ ချထားပေးရန်	ကျေးလက် ဦးစီးဌာန
လူငယ်ဖွံ့ဖြိုးရေး					
	၇။ အသက်မွေးဝမ်းကျောင်း သင်တန်းများပေးရန်	၈၀	၇	- လူငယ်များ အလုပ်အကိုင်အခွင့်အလမ်းများ ရရှိနိုင်ရေး အသက်မွေးဝမ်းကျောင်းသင်တန်းများ ပေးရန်	ကျေးလက် ဦးစီးဌာန
	၈။ စာကြည့်တိုက် တည်ဆောက်ရန်	၇၅	၈	- လူငယ်များ အသိပညာတိုးပွားရေး စာကြည့်တိုက် တည်ဆောက်ရန်	ပညာရေး ဦးစီးဌာန
စိုက်ပျိုးရေး					
	၉။ စိုက်ပျိုးရေးနည်းပညာဝန်ဆောင်မှုများ ပေးရန်	၇၀	၉	- စိုက်ပျိုးရေးလုပ်ငန်းများ ပိုမိုကောင်းမွန်လာရေး စိုက်ပျိုးရေး နည်းပညာဝန်ဆောင်မှုများပေးရန်	စိုက်ပျိုးရေး ဦးစီးဌာန
မွေးမြူရေး					
	၁၀။ မွေးမြူရေးဆိုင်ရာ နည်းပညာဝန်ဆောင်မှုများပေးရန်	၆၅	၁၀	- မွေးမြူရေးလုပ်ငန်းများ ပိုမိုကောင်းမွန်လာရေး မွေးမြူရေး နည်းပညာဝန်ဆောင်မှုများပေးရန်	မွေး/ကု ဦးစီးဌာန

(ဃ) အကောင်အထည်ဖော်မည့် အချိန်ကာလ

အောက်ပါဇယားတွင် လုပ်ငန်းစတင်ရန်၊ ပြီးဆုံးရန် ခန့်မှန်းဖော်ပြထားသည့် ဦးစားပေး စီမံချက်များ၏ အချိန်ဇယားကိုဖော်ပြထားပါသည်။ ဤအစီအစဉ်ကို နှစ်အလိုက် လိုအပ်သလိုဖြည့်စွက်ပြင်ဆင်ပြီး နှစ်ပတ်လည်ကျေးရွာဖွံ့ဖြိုးရေး စီမံချက်ရေးဆွဲရာတွင်လည်း ထည့်သွင်းပေးမည်။

စီမံချက်	အဆင့်	၂၀၁၈	၂၀၁၉	၂၀၂၀	၂၀၂၁	၂၀၂၂
၁။ သန့်ရှင်းသော သောက်သုံးရေရရှိရေး စက်ရေတွင်းတူးဖော်ရန်	၁	———				
၂။ ချောင်း၀-ကျွဲခေါင်းရွာချင်းဆက်လမ်းအား လမ်းအကျယ်ချဲ့၍ ကွန်ကရစ်ခင်းရန်	၂	———				
၃။ ရွာတွင်းတံတားအား ကွန်ကရစ်ဖြင့် ပြန်လည်တည်ဆောက်ရန်	၃		———			
၄။ ကျေးလက်ဆေးပေးခန်း ချထားပေးရန်	၄		———			
၅။ မြစိမ်းရောင် အတိုးနည်းချေးငွေများ ချထားပေးရန်	၅			———		
၆။ လျှပ်စစ်မီး ချထားပေးရန်	၆			———		
၇။ အသက်မွေး၀မ်းကျောင်း သင်တန်းများပေးရန်	၇				———	
၈။ စာကြည့်တိုက် တည်ဆောက်ရန်	၈				———	
၉။ စိုက်ပျိုးရေးနည်းပညာ၀န်ဆောင်မှုများပေးရန်	၉					———
၁၀။ မွေးမြူရေးဆိုင်ရာ နည်းပညာ၀န်ဆောင်မှုများပေးရန်	၁၀					———

၉။ ဘတ်ဂျက်နှင့်ငွေကြေးဆိုင်ရာအစီအစဉ်

အောက်ပါဇယားတွင် ဖော်ပြထားသောစီမံချက်အလိုက် ဘတ်ဂျက်ပမာဏများသည် ရည်ညွှန်း နမူနာ (indicative) အဖြစ် ကိုးကားရန်သာဖြစ်ပါသည်။ အမှန်တကယ်လိုအပ်သော ဘတ်ဂျက်ပမာဏ တွက်ချက်နိုင်ရန် အသေးစိတ်ဆက်လက်၍ဆောင်ရွက်ရမည်ဖြစ်ပါသည်။ ကျေးရွာဖွံ့ဖြိုးရေးကော်မတီသည် အချို့စီမံချက်များကိုရေးဆွဲရာတွင် မြို့နယ်အဆင့်ဌာနဆိုင်ရာအဖွဲ့များအစည်းများနှင့် ဝန်ဆောင်မှုပေးသည့်

လုပ်ငန်းရှင်များထံမှ ဘတ်ဂျတ်အပါအဝင် စီမံချက်ပြုစုရေးဆွဲရေးအကူအညီများရရှိရန်လည်း လိုအပ်ပါသည်။ ဖော်ပြထားသော ရည်ညွှန်းဘတ်ဂျက်ပမာဏတွင် ကျေးရွာလူထု၏ ငွေသားမဟုတ်သော ထည့်ဝင်မှုများကို ထည့်သွင်းဖော်ပြထားခြင်းမရှိပါ။ (ငွေသားမဟုတ်သောထည့်ဝင်မှု၊ ဥပမာ လုပ်အား၊ သဲ၊ ကျောက်၊ ပစ္စည်းကိရိယာ၊ အချိန် စသည်)

စီမံချက်ဘတ်ဂျတ်

စဉ်	စီမံချက်	ရန်ပုံငွေ (သိန်း)	ရင်းနှီးမြှုပ်နှံမှုအရအုပ်စုသတ်မှတ်ခြင်း(ကျပ်)			
			သာမန်အသုံးစရိတ်	ငွေလုံးငွေရင်းအသုံးစရိတ်		လူသားချင်းစာနာမှုဆိုင်ရာထောက်ပံ့မှု
				ငွေလုံးငွေရင်းအသုံးစရိတ်	စွမ်းဆောင်ရည်မြှင့်တင်ရေး	
၁	သန့်ရှင်းသော သောက်သုံးရေရရှိရေးစက်ရေတွင်းတူးဖော်ရန်			√		
၂	ချောင်းဝ-ကျွဲခေါင်းရွာချင်းဆက်လမ်းအား လမ်း အကျယ်ချဲ့၍ကွန်ကရစ်ခင်းရန်			√		
၃	ရွာတွင်းတံတားအား ကွန်ကရစ်ဖြင့် ပြန်လည်တည်ဆောက်ရန်			√		
၄	ကျေးလက်ဆေးပေးခန်းချထားပေးရန်			√		
၅	မြစိမ်းရောင် အတိုးနည်းချေးငွေများ ချထားပေးရန်			√		√
၆	လျှပ်စစ်မီး ချထားပေးရန်			√		
၇	အသက်မွေးဝမ်းကျောင်းသင်တန်းများ ပေးရန်				√	√
၈	စာကြည့်တိုက် တည်ဆောက်ရန်			√		
၉	စိုက်ပျိုးရေးနည်းပညာဝန်ဆောင်မှုများ ပေးရန်				√	√
၁၀	မွေးမြူရေးဆိုင်ရာ နည်းပညာဝန်ဆောင်မှုများပေးရန်				√	√

၁၀။ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများအကောင်အထည်ဖော်မည့် နည်းလမ်းနှင့် အစီအစဉ်များ

ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ကို ကျေးရွာလူထုက ဦးဆောင်အကောင်ထည်ဖော်မည်ဖြစ်သဖြင့် လုပ်ငန်းအောင်မြင်ရေးနှင့် ရည်မှန်းချက်များသို့ ရောက်ရှိရေးမှာ ကျေးရွာတွင်တာဝန်ရှိပါသည်။

(က) ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၏ အခန်းကဏ္ဍ

ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်တွင်ပါဝင်သော စီမံကိန်းလုပ်ငန်းများကို အထိရောက်ဆုံး အကောင်အထည်ဖော်ရန်တာဝန်မှာ ကျွန်ုပ်တို့ကျေးရွာလူထု၏တာဝန်ဖြစ်ပါသည်။ ကျွန်ုပ်တို့ကျေးရွာဖွံ့ဖြိုးရေးကော်မတီသည် ပေါင်းစပ်ညှိနှိုင်းရေးနှင့် စီမံခန့်ခွဲရေးတာဝန်ကိုအဓိကယူပါမည်။ အဖွဲ့အစည်းအသီးသီး၊ ကော်မတီအသီးသီးအား တာဝန်များခွဲဝေအပ်နှင်း၍ သက်ဆိုင်ရာစီမံကိန်းများဆောင်ရွက် နိုင်ရန်ဦးဆောင်ပါမည်။ ဥပမာ-မိဘဆရာအသင်းသည် ကျေးရွာမူလတန်းကျောင်း၏ ပညာရေးအရည်အသွေး ကောင်းမွန်တိုးတက်ရန်တာဝန်ယူဆောင်ရွက်စေ၍ လယ်သမားအဖွဲ့က ကျေးရွာလယ်ယာကုန်ထုတ်လမ်းအဆင့်မြှင့်ခြင်း

လုပ်ငန်းကို တာဝန်ယူ ဆောင်ရွက်စေခြင်းဖြစ်ပါသည်။

(ခ) ဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့အစည်း

ကျွန်ုပ်တို့ကျေးရွာကော်မတီအဖွဲ့များက ဖွံ့ဖြိုးရေးစီမံကိန်းများ အကောင်အထည်ဖော်ရာတွင် ဦးဆောင်စီမံခန့်ခွဲမှု တာဝန်ယူဆောင်ရွက်သော်လည်း အခြားသော ဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့များကိုလည်း ရှာဖွေဆက်သွယ်ပူးပေါင်းရန်လိုပါမည်။ ကျွန်ုပ်တို့ကိုယ်တိုင်မတတ်နိုင်သောအကူအညီများ ရယူဆောင်ရွက်ရန်ဖြစ်ပါသည်။ ဥပမာ - မိဘဆရာအသင်းသည် မူလတန်းပညာရေးသင်ကြားမှု အရည်အသွေးတိုးတက်ရေးဆောင်ရွက်ရန် မြို့နယ်ပညာရေးဌာနနှင့် ချိတ်ဆက်ညှိနှိုင်းဆောင်ရွက်ရပါမည်။ လယ်သမား အဖွဲ့အစည်းကလည်း လယ်ယာကုန်ထုတ်လုပ်ငန်း အထောက်အကူပြုလမ်းအဆင့်မြှင့်တင်ရန် **ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန**၊ မြို့နယ်ဆောက်လုပ်ရေးဌာနနှင့် ဆက်သွယ်၍ အင်ဂျင်နီယာဒီဇိုင်းပုံစံနှင့် တွက်ချက်မှုဆိုင်ရာ အကူအညီများရယူရပါမည်။

(ဂ) ကန်ထရိုက်နှင့် ဝန်ဆောင်မှုပေးသည့် အဖွဲ့အစည်းများ

စီမံကိန်းလုပ်ငန်းများ၏ အသေးစိတ်လုပ်ငန်းအမျိုးအစားဖော်ပြချက်တွင် တင်ဒါခေါ်ယူဆောင်ရွက်ရမည့်ကိစ္စများကိုလည်းတွေ့ရပါမည်။ ဤလုပ်ငန်းအမျိုးအစားများအတွက် အောက်ပါ အဖွဲ့အစည်း/ပုဂ္ဂိုလ်များ၏ ပါဝင်မှုမှာအမှန်ပင် လိုအပ်ပါမည်။

- ဆောက်လုပ်ရေး၊ ကြီးကြပ်ရေးစသည့် လုပ်ငန်းများအတွက် ကန်ထရိုက်များ
- စိုက်ပျိုးရေး၊ မွေးမြူရေးစသည့်သင်တန်းများအတွက် နည်းပညာဆိုင်ရာနှင့် စီမံခန့်ခွဲမှုဆိုင်ရာ

ဝန်ဆောင်မှုပေးသည့်အဖွဲ့များ (နိုင်ငံတကာဖွံ့ဖြိုးမှုအဖွဲ့အစည်းများ၊ ဒေသဖွံ့ဖြိုးရေးအဖွဲ့အစည်းများ၊ ပုဂ္ဂလိကအဖွဲ့အစည်းများ၊ လူထုအဖွဲ့အစည်းများ)

ကန်ထရိုက်နှင့် ဝန်ဆောင်မှုပေးသည့် အဖွဲ့အစည်းများက စီမံကိန်းလုပ်ငန်းတွင် ဖော်ပြထားသော သတ်သတ်မှတ်မှတ်ကိစ္စများကိုသာ ကြီးကြပ်မှုပေးမည်ဖြစ်ပြီး လုပ်ငန်းတစ်ခုလုံးလွှမ်းခြုံကြီးကြပ်ရန် တာဝန်မှာ ကျွန်ုပ်တို့ကျေးရွာဖွံ့ဖြိုးရေးကော်မတီက တာဝန်ပေးထားသောအဖွဲ့၏ တာဝန်သာဖြစ်ပါ သည်။ အချို့ကိစ္စများတွင် ကြီးကြပ်ရေးတာဝန်မှာ မြို့နယ်သက်ဆိုင်ရာဦးစီးဌာနက တာဝန်ယူပါမည်။ ဤကိစ္စမျိုးတွင် ကျေးရွာဖွံ့ဖြိုးရေးကော်မတီသည် တာဝန်ပေးထားသောကော်မတီကို ဦးဆောင်၍ မြို့နယ်ဌာနဆိုင်ရာအဖွဲ့အစည်းများနှင့် နီးနီးကပ်ကပ် ပူးပေါင်းဆောင်ရွက်ပါမည်။

(ဃ) ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများလည်ပတ်ရန်နှင့် ပြုပြင်ထိန်းသိမ်းရန်အတွက် အဖွဲ့အစည်းဆိုင်ရာ အစီအစဉ်များနှင့် ငွေကြေးဆိုင်ရာအစီအမံများ

ကျွန်ုပ်တို့ကော်မတီအနေဖြင့် လုပ်ငန်းတစ်ခုချင်းစီအတွက် ရေရှည်တည်တံ့ရေးအစီအစဉ်များ ထားရှိမည်။ ဥပမာအားဖြင့် အသုံးပြုသူများထံမှ အသုံးပြုခကောက်ခံခြင်း၊ စေတနာအလျောက် ထည့်ဝင်လိုသူများထံမှ အလှူငွေကောက်ခံခြင်းတို့ကိုဆောင်ရွက်မည်။ ထို့အပြင် လမ်းပေါ်ဖြတ်သန်းသွားလာသယ်ယူမည့် ပစ္စည်းများ၏ပမာဏကို ကန့်သတ်ခြင်းကဲ့သို့သော စည်းကမ်းများသတ်မှတ်မည်။

ဖွံ့ဖြိုးရေးလုပ်ငန်းများ ရေရှည်တည်တံ့ရေးအတွက် လုပ်ငန်းအလိုက် သက်ဆိုင်ရာကော်မတီအဖွဲ့အားတာဝန်အပ်နှင်းဆောင်ရွက်မည်ဖြစ်ပါသည်။ ဥပမာအားဖြင့် လမ်းပြုပြင်ထိန်းသိမ်းရေးအတွက် လမ်းကော်မတီ၊ စာသင်ကျောင်းပြုပြင်ထိန်းသိမ်းရေးအတွက် မိဘဆရာအသင်းစသည်ဖြင့် ဆောင်ရွက်ပါမည်။

၁၁။ စီမံကိန်းအား စဉ်ဆက်မပြတ် လေ့လာဆန်းစစ်ခြင်းနှင့် အကဲဖြတ်သုံးသပ်ခြင်း

ကျွန်ုပ်တို့၏ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ် အကောင်အထည်ဖော်ရာတွင် တိုးတက်မှုအခြေအနေများအား စနစ်တကျကြီးကြပ်စစ်ဆေးအကဲဖြတ်ကြပါမည်။ အစ ကနဦး၌ ကြီးကြပ်စစ်ဆေးအကဲဖြတ်ခြင်းလုပ်ငန်းကို ရိုးရှင်းလွယ်ကူသောနည်းလမ်းများဖြင့် ဆောင်ရွက်ပါမည်။ သို့မှသာ ရည်ရွယ်သည့်အတိုင်း ကြီးကြပ်စစ်ဆေးအကဲဖြတ်သည့် လုပ်ငန်းကိုပြီးမြောက်အောင် ဆောင်ရွက်နိုင်ပါလိမ့်မည်။

လူထုဗဟိုပြု၍ အားလုံးပူးပေါင်းပါဝင်သော ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ် အကောင်အထည်ဖော်သောနည်းလမ်းကို လက်ကိုင်ကျင့်သုံးသည့်အလျောက် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများကို ကြီးကြပ်စစ်ဆေးသုံးသပ်ရာတွင် ကျေးရွာအတွင်းရှိ အဖွဲ့အစည်းများ၊ အိမ်ထောင်စုများတက် ကြွစွာအတူပူးပေါင်းဆောင်ရွက်ရန် ဆောင်ရွက်ပါမည်။ ဤသို့ဆောင်ရွက်နိုင်ရန် သင့်တော်သော အဖွဲ့အစည်းစနစ်၊ လုပ်ထုံးလုပ်နည်းများ တည်ဆောက်ပါမည်။

(၁၁-၁) ကြီးကြပ်စစ်ဆေးခြင်း (Monitoring)

အထူးသဖြင့် ကျွန်ုပ်တို့သည် ကျွန်ုပ်တို့ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်၏ လုပ်ငန်းပိုင်းဆိုင်ရာတိုးတက်

မှု (physical progress) နှင့် ငွေကြေးဆိုင်ရာတိုးတက်မှု (financial progress) တို့ကို စနစ်တကျ ကြီးကြပ်စစ်ဆေးပါမည်။ ၄င်းစစ်ဆေးခြင်းကို (၃) လပတ်အစီအစဉ်ဖြင့် ဆောင်ရွက်ပါမည်။ ကြီးကြပ်စစ်ဆေးခြင်းလုပ်ငန်းကို ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၏စီစဉ်မှုဖြင့် သက်ဆိုင်ရာ စီမံကိန်းလုပ်ငန်း အလိုက် တာဝန်ယူဆောင်ရွက်နေသော အဖွဲ့အသီးသီး၊ ကော်မတီအသီးသီးတို့က မိမိတို့တာဝန်ကျရာ ကဏ္ဍ အလိုက် စစ်ဆေးသုံးသပ်ပါမည်။

အဖွဲ့အသီးသီး၊ ကော်မတီအသီးသီးသည် မိမိတို့၏ စီမံကိန်းဆိုင်ရာ ကနဦးသတင်းအချက်အလက် များ (Baseline) ရရှိအောင်ဆောင်ရွက်ကြပါမည်။ ယင်းအခြေခံသတင်းအချက်အလက်များပေါ် မူတည်၍ တိုးတက်မှုကိုတိုင်းတာသည့် အညွှန်းကိန်း (indicator) ကိုတည်ဆောက်ရပါမည်။ (၃) လပတ်ကုန်ဆုံးချိန် တိုင်းတွင် ကော်မတီနှင့် အဖွဲ့အသီးသီးသည် ၄င်းတို့၏ ကြီးကြပ်စစ်ဆေးတွေ့ရှိမှု အစီရင်ခံစာ (monitoring report) ကို ရွာလူထုအစည်းအဝေး၌ အစီရင်ခံတင်ပြပါမည်။ ဆက်လက် ညှိနှိုင်းဆောင်ရွက်ရမည့်ကိစ္စ များကို ကျေးရွာဖွံ့ဖြိုးမှုကော်မတီမှဦးဆောင်ပါမည်။ (၃) လပတ် ကြီးကြပ်စစ်ဆေးမှု အစီရင်ခံစာသည် အောက်ပါအချက်များအပေါ် ဦးတည်ပါမည် -

(က) လုပ်ငန်းပိုင်းဆိုင်ရာတိုးတက်မှု (Physical progress)

- စီမံကိန်းလုပ်ငန်းများ လုပ်ငန်းပိုင်းတိုးတက်မှုနှင့် ပြီးမြောက်မှုအတိုင်းအတာ
- အကောင်အထည်ဖော်ရာတွင် ကြုံတွေ့ရသော အခက်အခဲ၊ အဟန့်အတားများနှင့် ပြုပြင်သင့်သောအဆိုပြုချက်များ၊
- ပြုပြင်ပြောင်းလဲဆောင်ရွက်ရန် လိုအပ်သော ဖွံ့ဖြိုးရေးဗျူဟာနှင့် စီမံကိန်းများ၊

(ခ) ငွေကြေးဆိုင်ရာတိုးတက်မှု (Financial progress)

- ငွေသားနှင့် ငွေသားမဟုတ်သော အရင်းအနှီးလိုအပ်ချက်များ စုစည်းပြီးစီးမှု (မူလ လျာထားချက်နှင့် နှိုင်းယှဉ်၍)၊
- (၃) လပတ်ကုန်တွင်ရှိသော ငွေသားနှင့် အခြားပစ္စည်းလက်ကျန်၊
- ငွေသားနှင့် ငွေသားမဟုတ်သော အရင်းအမြစ်များစုဆောင်းရာတွင် ကြုံတွေ့နေရ သော အခက်အခဲများ၊ ပြဿနာများ၊
- ငွေကြေးစုဆောင်းပြင်ဆင်မှု တိုးတက်ရန် အဆိုပြုနည်းလမ်းများ၊

ကျေးရွာဖွံ့ဖြိုးရေးကော်မတီသည် (၃) လပတ် ကြီးကြပ်စစ်ဆေးမှု အစီရင်ခံစာအနှစ်ချုပ်ကို ပြုစု ပြင်ဆင်ပြီး သက်ဆိုင်ရာကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးနှင့် သက်ဆိုင်ရာမြို့နယ်ဦးစီးဌာနများသို့ အစီရင်ခံ ပေးပို့ပါမည်။ အစီရင်ခံစာသည် စာမျက်နှာ ၂ မျက်နှာ၊ ၃ မျက်နှာခန့်ပါဝင်၍ အောက်ပါအချက်များကို အဓိကထားဖော်ပြပါမည်။ ၄င်းအစီရင်ခံစာတွင် အခက်အခဲနှင့် ရင်ဆိုင်ကျော်လွှားရမည့် အချက်အလက် များအပါအဝင် ယင်းအခြေခံ သတင်းအချက်အလက်များပေါ်မူတည်၍ တိုးတက်မှုကို တိုင်းတာသည့် အညွှန်းကိန်း (indicator) ကိုတည်ဆောက်ရပါမည်။

(၁၁-၂) နှစ်ပတ်လည် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း ဆောင်ရွက်ပြီးစီးမှု အကဲဖြတ်ခြင်း

စီမံကိန်းကာလ နှစ်တစ်နှစ်ကုန်ဆုံးချိန်တွင် စီမံကိန်း၏ တိုးတက်မှုအခြေအနေကို ဘက်စုံရှုထောင့် မှပြန်လည်သုံးသပ်အကဲဖြတ်ကြပါမည်။ ဤနှစ်ပတ်လည်သုံးသပ်တွေ့ဆုံပွဲ၏ ရည်ရွယ်ချက်မှာ ကျွန်ုပ်တို့ ဆောင်ရွက်သော ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ၏ တိုးတက်မှုအခြေအနေများကို အောက်ပါ အဖွဲ့အစည်း/ပုဂ္ဂိုလ်များအား ကျွန်ုပ်တို့ကျေးရွာက ဖိတ်ကြားအသိပေးတင်ပြနိုင်သော အခွင့်အလမ်းဖန်တီးနိုင်ရန် ဖြစ်ပါသည်။ ဖိတ်ကြားမည့်အဖွဲ့အစည်းများမှာ-

- ကျေးရွာအုပ်စုအုပ်ချုပ်ရေးအဖွဲ့၊ မြို့နယ်အုပ်ချုပ်ရေးနှင့် အခြားသက်ဆိုင်ရာအဖွဲ့အစည်းများ (ငွေကြေးထည့်ဝင်သူများ၊ ပုဂ္ဂလိကလုပ်ငန်းရှင်များ)၊ သတင်းမီဒီယာများ၊ ဖွံ့ဖြိုးရေးအဖွဲ့အစည်းများ စသည်တို့ဖြစ်ပါသည်။

နှစ်ပတ်လည်သုံးသပ်ပွဲမှ ကျွန်ုပ်တို့၏ ဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့အစည်းများနှင့် အခြားပါဝင် သက်ဆိုင်သူများထံမှ အကြံပြုချက်၊ သုံးသပ်ချက်များရယူနိုင်သော အခွင့်အလမ်းကိုလည်းရရှိပါမည်။ ဤ အကြံပြုချက်များဖြင့် ကျွန်ုပ်တို့၏ ဖွံ့ဖြိုးရေးအစီအစဉ်ကိုပြန်လည်ပြုပြင် ဆောင်ရွက်နိုင်မည်ဖြစ်ပါသည်။

ကျေးရွာဖွံ့ဖြိုးရေး အထောက်အကူပြုဇယားများ

(၁) ကျေးရွာလူမှုစီးပွားရေးအခြေအနေ

(က) လူဦးရေနှင့် လူဦးရေဆိုင်ရာအချက်အလက်များ

ဇယား(၁) လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ

အသက်အုပ်စု		ကျား	မ	စုစုပေါင်း
၁ နှစ် အောက်	နို့စို့အရွယ်	၁	၃	၄
၁ နှစ် မှ ၄ နှစ်	၅နှစ်အောက်ကလေးငယ်	၁၀	၉	၁၉
၅ နှစ် မှ ၉ နှစ်	မူလတန်းကျောင်းသားအရွယ်	၂၀	၅	၂၅
၁၀ နှစ် မှ ၁၄ နှစ်	အလယ်တန်းကျောင်းသားအရွယ်	၁၄	၉	၂၃
၁၅ နှစ် မှ ၆၄ နှစ်	အလုပ်လုပ်နိုင်သည့်အရွယ်	၁၁၇	၁၀၁	၂၁၈
၆၅ နှစ် နှင့်အထက်	သက်ကြီးရွယ်ကြီး	၂	၂	၄
စုစုပေါင်း		**၁၆၄**	**၁၂၉**	**၂၉၃**
စုစုပေါင်းအိမ်ထောင်စု		**၈၀**		

ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု ၊ (၂) ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး။

မှတ်ချက်။ ။ အသက်အုပ်စု ၁ နှစ်အောက်ဆိုသည်မှာ မွေးကင်းစမှ အသက် (၁) နှစ် မပြည့်မီအရွယ် ၊ ၁ နှစ် မှ ၄ နှစ်ဆိုသည်မှာ အသက် (၁) နှစ်ပြည့်အရွယ်မှ (၅) နှစ်မပြည့်မီအရွယ်၊ ၅ နှစ် မှ ၉ နှစ်ဆိုသည်မှာ အသက် (၅) နှစ်ပြည့်သည်မှ အသက် (၁၀) နှစ်မပြည့်မီအရွယ်၊ ၁၀ နှစ် မှ ၁၄ နှစ်ဆိုသည်မှာ အသက် (၁၀) နှစ်ပြည့်သည်မှ အသက် (၁၅) နှစ်မပြည့်မီအရွယ်၊ ၁၅ နှစ်မှ ၆၄ နှစ်ဆိုသည်မှာ အသက် (၁၅) နှစ်ပြည့်သည်မှ အသက် (၆၅) နှစ် မပြည့်မီအရွယ်၊ အသက် ၆၅ နှစ်အထက်ဆိုသည်မှာ အသက် (၆၅) နှစ်ပြည့်အရွယ်နှင့် ၄င်းထက် အသက်ကြီးသည့် အရွယ်များကိုဆိုလိုသည်။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင် အလုပ်လုပ်နိုင်သူဦးရေ အသင့်အတင့်ရှိသဖြင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် အထောက်အကူပြုနိုင်ပါသည်။ ကျား/ မ ဦးရေတွင် ကျားဦးရေက အနည်းငယ် ပိုမိုများပြားနေကြောင်းတွေ့ရှိရပါသည်။ ကျေးရွာတွင် အိမ်ထောင်စုနှင့် လူဦးရေနည်းပါးပါသည်။ သက်ကြီးရွယ်အို အနည်းငယ်လည်း ရှိပါသည်။

(ခ) အလုပ်လုပ်နိုင်သူအင်အား

(ခ-၁) လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်းအမျိုးအစား

ဇယား(၂) လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်းအမျိုးအစား

စဉ်	လုပ်ငန်းများ	အဓိကအလုပ်အကိုင်		အဓိကဝင်ငွေရ လုပ်ငန်းမဟုတ်သော အခြားဝင်ငွေရ လုပ်ငန်းအဖြစ် လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာဖတ်ပြီး မှန်ရာတစ်ခုကိုသာ ရွေးရန်။)
		အိမ်	မိသားစု ဝင် လုပ်အား		
စိုက်ပျိုးစီးပွား လုပ်ငန်းများ					
	လယ်ယာစိုက်ပျိုးရေး				
၁	ကိုယ်ပိုင်လုပ်ငန်း	၃၆	၄၉	၄၄	မြင့် ☐ လတ် ☑ နိမ့် ☐
	အလုပ်သမား/ဝန်ထမ်း	၂	၃		မြင့် ☐ လတ် ☐ နိမ့် ☑
	တိရစ္ဆာန်မွေးမြူရေး				
၂	ကိုယ်ပိုင်လုပ်ငန်း			၇၃	မြင့် ☐ လတ် ☑ နိမ့် ☐
	အလုပ်သမား/ဝန်ထမ်း				မြင့် ☐ လတ် ☐ နိမ့် ☐
	ငါးလုပ်ငန်း (ရေချို /ရေငန်ငါး /ပုစွန် စသာ ရေသတ္တဝါများ ဖမ်းခြင်း ၊ မွေးမြူခြင်း)				
၃	ကိုယ်ပိုင်လုပ်ငန်း	၉	၁၈	၁၅	မြင့် ☐ လတ် ☑ နိမ့် ☐
	အလုပ်သမား/ဝန်ထမ်း				မြင့် ☐ လတ် ☐ နိမ့် ☐
	သစ်တောလုပ်ငန်း				
၄	ကိုယ်ပိုင်လုပ်ငန်း				မြင့် ☐ လတ် ☐ နိမ့် ☐
	အလုပ်သမား/ဝန်ထမ်း				မြင့် ☐ လတ် ☐ နိမ့် ☐
စိုက်ပျိုးမွေးမြူရေးမဟုတ်သော အခြားဝင်ငွေရလုပ်ငန်းများ					
	သတ္တုတူးဖော်ရေး ၊ ကျောက်ထုတ်လုပ်ရေးနှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း				
၅	ကိုယ်ပိုင်လုပ်ငန်း				မြင့် ☐ လတ် ☐ နိမ့် ☐
	အလုပ်သမား/ဝန်ထမ်း				မြင့် ☐ လတ် ☐ နိမ့် ☐
	ထုတ်ကုန်လုပ်ငန်း				
၆	ကိုယ်ပိုင်လုပ်ငန်း	၁	၂		မြင့် ☑ လတ် ☐ နိမ့် ☐
	အလုပ်သမား/ဝန်ထမ်း				မြင့် ☐ လတ် ☐ နိမ့် ☐
	လျှပ်စစ် ၊ ဓာတ်ငွေ့ နှင့် ရေပေးဝေရေး				
၇	ကိုယ်ပိုင်လုပ်ငန်း				မြင့် ☐ လတ် ☐ နိမ့် ☐
	အလုပ်သမား/ဝန်ထမ်း				မြင့် ☐ လတ် ☐ နိမ့် ☐
	ဆောက်လုပ်ရေး ၊ လက်သမား ၊ ပန်းရံလုပ်ငန်း				
၈	ကိုယ်ပိုင်လုပ်ငန်း				မြင့် ☐ လတ် ☐ နိမ့် ☐
	အလုပ်သမား/ဝန်ထမ်း				မြင့် ☐ လတ် ☐ နိမ့် ☐
	ယာဉ် ၊ စက်ကိရိယာနှင့် တာရှည်ခံအိမ်သုံးပစ္စည်းများပြင်ဆင်ရေး				
၉	ကိုယ်ပိုင်လုပ်ငန်း				မြင့် ☐ လတ် ☐ နိမ့် ☐
	အလုပ်သမား/ဝန်ထမ်း				မြင့် ☐ လတ် ☐ နိမ့် ☐

စဉ်	လုပ်ငန်းများ	ခဓိကအလုပ်အကိုင်		အဓိကဝင်ငွေရ လုပ်ငန်းမဟုတ်သော အခြားဝင်ငွေရ လုပ်ငန်းအဖြစ် လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာဖတ်ပြီး မှန်ရာတစ်ခုကိုသာ ရွေးရန်။)
		အိမ်	မိသားစုဝင် လုပ်အား		
	ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊အလှပြင်၊အပ်ချုပ်၊အင်ဂျင်နီယာ၊သင်တန်းပေးသူစသည်)				
၁၀	ကိုယ်ပိုင်လုပ်ငန်း	၁	၁		မြင့် ☐ လတ်☑ နိမ့်☐
	အလုပ်သမား/ဝန်ထမ်း				မြင့် ☐ လတ်☐ နိမ့်☐
	လက်လီ - လက်ကား ရောင်းဝယ်ရေး				
၁၁	ကိုယ်ပိုင်လုပ်ငန်း	၂	၃	၁	မြင့် ☐ လတ်☑ နိမ့်☐
	အလုပ်သမား/ဝန်ထမ်း				မြင့် ☐ လတ်☐ နိမ့်☐
	ဟိုတယ်နှင့် စားသောက်ဆိုင်လုပ်ငန်း				
၁၂	ကိုယ်ပိုင်လုပ်ငန်း				မြင့် ☐ လတ်☐ နိမ့်☐
	အလုပ်သမား/ဝန်ထမ်း				မြင့် ☐ လတ်☐ နိမ့်☐
	ပို့ဆောင်ရေး ၊ သိုလှောင်ရေးနှင့် ဆက်သွယ်ရေး				
၁၃	ကိုယ်ပိုင်လုပ်ငန်း	၁	၂		မြင့် ☐ လတ်☑ နိမ့်☐
	အလုပ်သမား/ဝန်ထမ်း				မြင့် ☐ လတ်☐ နိမ့်☑
	ငွေချေးဝန်ဆောင်မှုလုပ်ငန်း (ဘဏ်နှင့် ငွေချေခြင်းအပါအဝင်ငွေကြေးဝန်ဆောင်မှုလုပ်ငန်း)				
၁၄	ကိုယ်ပိုင်လုပ်ငန်း				မြင့် ☐ လတ်☐ နိမ့်☐
	အလုပ်သမား/ဝန်ထမ်း				မြင့် ☐ လတ်☐ နိမ့်☐
	အိမ်ခြံမြေ၊ယာဉ်၊စက်ကိရိယာ၊ရောင်းဝယ်ငှားရမ်းခြင်းနှင့်ဆက်စပ်သောလုပ်ငန်းများ				
၁၅	ကိုယ်ပိုင်လုပ်ငန်း				မြင့် ☐ လတ်☐ နိမ့်☐
	အလုပ်သမား/ဝန်ထမ်း				မြင့် ☐ လတ်☐ နိမ့်☐
	ပြည်သူဝန်ဆောင်မှုလုပ်ငန်းများ (အုပ်ချုပ်ရေး၊ကာကွယ်ရေးနှင့်ဘေးကင်းလုံခြုံရေး)				
၁၆	ကိုယ်ပိုင်လုပ်ငန်း				မြင့် ☐ လတ်☐ နိမ့်☐
	အလုပ်သမား/ဝန်ထမ်း				မြင့် ☐ လတ်☐ နိမ့်☐
	ပညာရေး				
၁၇	ကိုယ်ပိုင်လုပ်ငန်း				မြင့် ☐ လတ်☐ နိမ့်☐
	အလုပ်သမား/ဝန်ထမ်း	၁	၁		မြင့် ☐ လတ်☑ နိမ့်☐
	ကျန်းမာရေး				
၁၈	ကိုယ်ပိုင်လုပ်ငန်း				မြင့် ☐ လတ်☐ နိမ့်☐
	အလုပ်သမား/ဝန်ထမ်း				မြင့် ☐ လတ်☐ နိမ့်☐
	လူမှုရေးလုပ်ငန်းများ				
၁၉	ကိုယ်ပိုင်လုပ်ငန်း				မြင့် ☐ လတ်☐ နိမ့်☐
	အလုပ်သမား/ဝန်ထမ်း				မြင့် ☐ လတ်☐ နိမ့်☐

စဉ်	လုပ်ငန်းများ	အဓိကအလုပ်အကိုင်		အဓိကဝင်ငွေရ လုပ်ငန်းမဟုတ်သော အခြားဝင်ငွေရ လုပ်ငန်းအဖြစ် လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာဖတ်ပြီး မှန်ရာတစ်ခုကိုသာ ရွေးရန်။)		
		အိမ်	မိသားစုဝင် လုပ်အား				
၂၀	**အိမ်များတွင်အငှားလိုက်သူများနှင့် အမျိုးအမည်မဖော်ပြနိုင်သော လုပ်ငန်းများ**						
	ကိုယ်ပိုင်လုပ်ငန်း						
	အလုပ်သမား/ကျပန်း/	၂၇	၄၅	၆			
	ရာသီအလိုက်						
	အလုပ်သမား						
၂၁	**ပြင်ပအဖွဲ့အစည်းများနှင့် ကုမ္ပဏီများတွင် လုပ်ကိုင်သူများ**						
	ကိုယ်ပိုင်လုပ်ငန်း				မြင့် ☐	လတ်☐	နိမ့် ☐
	အလုပ်သမား/ဝန်ထမ်း				မြင့် ☐	လတ်☐	နိမ့် ☐
	စုစုပေါင်း	**၈၀**	**၁၂၂**	**၁၄၀**			

ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု ၊(၂)ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

မှတ်ချက်။ ။ “အခြားဝင်ငွေရလုပ်ငန်းအဖြစ် လုပ်ကိုင်သူများ” အရေအတွက်တွင် **“မိသားစုဝင် လုပ်အား”** ထပ်မံထည့်သွင်းကောက်ယူခြင်းမပြုရပါ။ **“ရပ်တည်နိုင်မှု(နိမ့်၊ လတ်၊ မြင့်)”** ဆိုသည်မှာ ဖော်ပြပါ လုပ်ငန်းတစ်ခုတွင် ကိုယ်ပိုင်လုပ်ငန်းလုပ်လိုသူ (သို့မဟုတ်) အလုပ်သမား/ ဝန်ထမ်းအဖြစ် လုပ်ကိုင်လိုသူများအတွက် အလုပ်အကိုင်အခွင့်အလမ်းရရှိနိုင်မှု အခြေအနေကို ဆိုလိုပါသည်။ ဥပမာ- **“စိုက်ပျိုးရေး”** ကဏ္ဍ၏ **“ကိုယ်ပိုင်လုပ်ငန်း”**တွင် ရပ်တည်နိုင်မှု **‘အမြင့်’** ဆိုပါက အဆိုပါလုပ်ငန်းတွင် ကိုယ်ပိုင်လုပ်ငန်းတစ်ခု လုပ်ကိုင်ရန် အခွင့်အလမ်းများနေသည်ဟု ဆိုလိုပါသည်။

လေ့လာတွေ့ရှိချက်။ ။ အဓိကအလုပ်အကိုင်အဖြစ် လယ်ယာလုပ်ငန်း၊ မြစ်ချောင်းအတွင်း ငါးဖမ်းခြင်း၊ စက်ချုပ်၊ ဈေးဆိုင်၊ ပို့ဆောင်ရေးနှင့် ဝန်ထမ်းနှင့် ကျပန်းလုပ်ကိုင်သူများသာရှိပါသည်။ အခြားဝင်ငွေရ အလုပ်အဖြစ် မွေးမြူရေးလုပ်ငန်းနှင့် ဈေးရောင်းခြင်း စသည်တို့တွင်လည်း လုပ်ကိုင်ကြပါသည်။

(ခ-၂) လုပ်ငန်းနှင့် ကျား၊ မအလိုက် အနည်းဆုံးနှင့် အများဆုံး လုပ်အားခနှုန်းထား

ဇယား(၃) လုပ်ငန်းနှင့် ကျား၊ မ အလိုက် အနည်းဆုံးနှင့် အများဆုံး လုပ်အားခနှုန်းထား

စဉ်	အလုပ်အကိုင်	ရေတွက်ပုံ	အများဆုံး (ကျပ်)		အနည်းဆုံး (ကျပ်)	
			ကျား	မ	ကျား	မ
၁	လယ်ယာစိုက်ပျိုးရေး	နေ့စား	၅၀၀၀	၄၀၀၀	၄၀၀၀	၃၀၀၀
၂	တိရစ္ဆာန်မွေးမြူရေး	နေ့စား	-	-	-	-
၃	ငါးလုပ်ငန်း (ရေချို/ရေငန်	နေ့စား	-	-	-	-
	ငါးဖမ်းခြင်း ၊ မွေးမြူခြင်း)		-	-	-	-
၄	သတ္တုတူးဖော်ရေး၊ ကျောက်ထု လုပ်ရေးနှင့် သဘာဝရင်းမြစ်မှ ထုတ်လုပ်ခြင်း	နေ့စား	-	-	-	-

စဉ်	အလုပ်အကိုင်	ရေတွက်ပုံ	အများဆုံး (ကျပ်)		အနည်းဆုံး (ကျပ်)	
			ကျား	မ	ကျား	မ
၅	ထုတ်ကုန်လုပ်ငန်း	နေ့စား	-	-	-	-
၆	ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံလုပ်ငန်း	နေ့စား	-	-	-	-
၇	ယာဉ်၊ စက်ကိရိယာ၊ အိမ်သုံးပစ္စည်းများ ပြင်ဆင်ရေး	နေ့စား	-	-	-	-
၈	လက်လီ -လက်ကားရောင်းဝယ်ရေး	နေ့စား	-	-	-	-
၉	ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊အပ်ချုပ်၊အင်ဂျင်နီယာ သင်တန်းပေးသူ စသည်)	နေ့စား	-	-	-	-
၁၀	ဟိုတယ်နှင့် စားသောက်ဆိုင် လုပ်ငန်း	နေ့စား	-	-	-	-

ရင်းမြစ်... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု ၊ အမျိုးသမီးအုပ်စု ၊ လယ်သမားအုပ်စု။

မှတ်ချက် (၁) လခစားအလုပ်သမားများ၏ တစ်ရက်ဝင်ငွေ = (လစာ ÷ ၂၂.၇၅)

(၂) နာရီတွက်ဖြင့်ရသောအလုပ်သမားများ၏တစ်ရက်ဝင်ငွေ = (တစ်နာရီဝင်ငွေ×၈)

လေ့လာတွေ့ရှိချက်။ ။ လုပ်ငန်းနှင့် ကျား/ မအလိုက် အနည်းဆုံးနှင့် အများဆုံးလုပ်အားခနှုန်းထားတွင် ရွာပတ်ဝန်းကျင်လုပ်အားခနှုန်းထားအား ပျမ်းမျှဖော်ပြထားခြင်းဖြစ်ပါသည်။ ကျေးရွာအတွင်း လယ်ယာလုပ်ငန်းတွင်သာ အလုပ်သမားငှားရမ်းခြင်း များပါသည်။

(၈) သဘာဝရင်းမြစ်များ

(၈-၁) စိုက်ပျိုးနိုင်သော မြေဧရိယာ

ဧယား(၄) ကျေးရွာ၏ စိုက်ပျိုးမြေပိုင်ဆိုင်မှု

မြေအမျိုးအစား	ဧရိယာ (ဧက)	နှမြဆီလွှာအရည်အသွေး (မှန်ရာ တစ်ခုကိုသာ ရွေးရန်)		
လယ်မြေ	၃၁၂.၇	ကောင်း ☐	သင့် ☑	ညံ့ ☐
ယာမြေ/တောင်မြေ		ကောင်း ☐	သင့် ☐	ညံ့ ☐
ဥယျာဉ်ခြံမြေ		ကောင်း ☐	သင့် ☐	ညံ့ ☐
ကိုင်း /ကျွန်းမြေ		ကောင်း ☐	သင့် ☐	ညံ့ ☐
ဓနိတောမြေ		ကောင်း ☐	သင့် ☐	ညံ့ ☐
စားကျက်မြေ		ကောင်း ☐	သင့် ☐	ညံ့ ☐
မြေလွတ်မြေလပ်		ကောင်း ☐	သင့် ☐	ညံ့ ☐
စုစုပေါင်း	၃၁၂.၇	☒		

ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု ၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမားအုပ်စု၊ (၃) လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန ၊ (၄) ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး။

မှတ်ချက်။ ။ မြေလွတ်မြေလပ်ဆိုသည်မှာ ယခင်က သီးစားခံယူလုပ်ကိုင်လာခဲ့ပြီး အကြောင်းအမျိုးမျိုးကြောင့် စွန့်လွတ်ထားသည့် သီးစားခံယူလုပ်ကိုင်သူမရှိသော စိုက်ပျိုးရေး(သို့) မွေးမြူရေး လုပ်ကိုင်နိုင်သည့် မြေနှင့် နိုင်ငံတော်က သီးသန့်လျာထားသတ်မှတ်သည့် မြေများကို ဆိုသည်။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင် လယ်ယာမြေပိုင်ဆိုင်မှု အသင့်အတင့်ရှိပြီး မိမိအိမ်ခြံဝန်းအတွင်းတွင် ကွမ်း၊ ကွမ်းသီး စားသုံးရန် တစ်ပိုင်တစ်နိုင် စိုက်ပျိုးကြပါသည်။

(ဂ-၂) ဓာတ်သတ္တုနှင့် အခြားသဘာဝရင်းမြစ်များ

ဇယား(၅) ဓာတ်သတ္တုနှင့် အခြားသဘာဝရင်းမြစ်များ

အမျိုးအစား	ကျေးရွာနှင့်အနီးပတ်ဝန်းကျင်တွင်သဘာဝအတိုင်းတွေ့ရှိနိုင်မှု (မှန်ရာ တစ်ခုကိုသာ ရွေးရန်)				အသုံးချနိုင်မှု (မှန်ရာ တစ်ခုကိုသာ ရွေးရန်)		
သတ္တုနှင့် အခြားတွင်းထွက်သယံဇာတများ (ဓာတ်ငွေ့ ၊ ရေနံ၊ ကျောက်မျက် စသည်။)	များ ☐	သင့် ☐	နည်း ☐	မရှိ ☑	လွယ် ☐	ခက် ☐	အသုံးမပြုနိုင်ပါ ☑
ကျောက် ၊ သဲ ၊ ကျောက်စရစ်စသည်များ	များ ☐	သင့် ☐	နည်း ☐	မရှိ ☑	လွယ် ☐	ခက် ☐	အသုံးမပြုနိုင်ပါ ☑
သဘာဝအပင်မျိုးစိတ်များ (နွားစာ၊ ဆေးဘက်ဝင်အပင်များ	များ ☐	သင့် ☐	နည်း ☑	မရှိ ☐	လွယ် ☑	ခက် ☐	အသုံးမပြုနိုင်ပါ ☐
သဘာဝတိရစ္ဆာန်မျိုးစိတ်များ	များ ☐	သင့် ☑	နည်း ☐	မရှိ ☐	☒		

ရင်းမြစ် ... ဦးတည်အုပ်စုဆွေးနွေးခြင်း - ရပ်မိရပ်ဖအုပ်စု ၊ သစ်တောဦးစီးဌာန ၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန။

လေ့လာတွေ့ရှိချက်။ ။ သဘာဝရင်းမြစ်များတွင် နွားစာအတွက် မြက်များနှင့် သဘာဝ ဆေးဘက်ဝင်အပင် အနည်းငယ်သာ ရှိပါသည်။

(ဃ) ဥစ္စာဓနအဆင့် အခြေအနေ

ဇယား(၆) ဥစ္စာဓနအဆင့် အခြေအနေ

အကြောင်းအရာ	သတ်မှတ်စံနှုန်း			
	အဆင်ပြေသောအိမ်ထောင်စု	အလယ်အလတ်ရှိသောအိမ်ထောင်စု	မပြေလည်သောအိမ်ထောင်စု	အလွန်မပြေလည်သောအိမ်ထောင်စု
မြေယာပိုင်ဆိုင်မှု	များ	အသင့်အတင့်	နည်း	အလွန်နည်း (သို့) မရှိ
အိမ်အခြေအနေ	အလွန်ကောင်း	အသင့်အတင့် ကောင်း	ညံ့	အလွန်ညံ့

အကြောင်းအရာ	သတ်မှတ်စံနှုန်း			
	အဆင်ပြေသော အိမ်ထောင်စု	အလယ်အလတ်ရှိ သောအိမ်ထောင်စု	မပြေလည်သော အိမ်ထောင်စု	အလွန်မပြေလည် သောအိမ်ထောင်စု
ကုန်ထုတ်လုပ်မှုနှင့် ဆိုင်သော ပိုင်ဆိုင်မှု	များ	အသင့်အတင့်	နည်း	မရှိ
အဓိကစီးပွားရေး	စီးပွား (ဝင်ငွေ)	စီးပွား (ဝင်ငွေ)	စီးပွား (ဝင်ငွေ)	စီးပွား (ဝင်ငွေ)
လုပ်ငန်း	အလွန်ကောင်း	အသင့်အတင့်	နည်း	အလွန်နည်း
အိမ်ထောင်စု	၆	၁၂	၂၀	၄၂

ရင်းမြစ် . . . (၁) ကျေးရွာလုံးကျွတ် အစည်းအဝေးပြုလုပ်ခြင်း

လေ့လာတွေ့ရှိချက်။ ။ ဥစ္စာဓနအဆင့်အခြေအနေအား မိမိကျေးရွာ တစ်ရွာအတွင်းသာ နှိုင်းယှဉ်ဖော်ပြ ထားခြင်းဖြစ်ပါသည်။ ကျေးရွာတွင် မပြေလည်သော အိမ်ထောင်စု မှာ ၇၇.၅ % ခန့်ထိ ရှိပါသည်။

(c) ထိခိုက်လွယ်မှု

(c-၁) ဝမ်းစာဖူလုံမှု

ဇယား(၇) ချေးငှားခြင်းမရှိဘဲ တစ်နေ့လျှင် အနည်းဆုံးနှစ်နပ်စားနိုင်သည့်အိမ်ထောင်စုများ (ဥစ္စာဓနအဆင့် '၃' နှင့် '၄' အိမ်ထောင်စုပေါင်း၏ ၃၀ ရာခိုင်နှုန်းစီ)

အချိန်ကာလ	အိမ်ထောင်စု အရေအတွက်	ဖြေရှင်းသည့်နည်းဗျူဟာ (ဖြေရှင်းနည်းတစ်ခုစီအလိုက် အိမ်ထောင်စုအရေအတွက်များကို ဖော်ပြရန်)		
၃ လအောက် ဝမ်းစာဖူလုံမှု	၂၀	အခြားအစာပြောင်းလဲစား	=	
		အစာလျှော့စား	=	
		အထောက်အပံ့ယူ	=	၅
		ချေးယူ	=	၁၀
		လုပ်အားခကြိုယူ	=	၁၀
၃ လနှင့် ၆လ ကြားဝမ်းစာ ဖူလုံမှု		အခြားအစာပြောင်းလဲစား	=	
		အစာလျှော့စား	=	
		အထောက်အပံ့ယူ	=	
		ချေးယူ	=	
		လုပ်အားခကြိုယူ	=	
၆ လနှင့် ၁၂ လကြား ဝမ်းစာ ဖူလုံမှု		အခြားအစာပြောင်းလဲစား	=	
		အစာလျှော့စား	=	
		အထောက်အပံ့ယူ	=	
		ချေးယူ	=	
		လုပ်အားခကြိုယူ	=	

ရင်းမြစ် ... ဥစ္စာဓနအဆင့် '၃'နှင့် '၄' အိမ်ထောင်စုပေါင်း၏ ၃၀ရာခိုင်နှုန်းစီအား စစ်တမ်းကောက်ယူခြင်း။

လေ့လာတွေ့ရှိချက်။ ။ ဆင်းရဲသောအိမ်ထောင်စုများ၏ သုံးပုံတစ်ပုံအား လေ့လာဆန်းစစ်မှုအရ ၎င်းတို့မှာ အထောက်အပံ့ယူ/ ချေးယူ/ လုပ်အားခကြိုယူခြင်းများဖြင့် ဖြေရှင်းကြပါသည်။

(၄-၂) ကူညီစောင့်ရှောက်မှုအထူးလိုအပ်သော အုပ်စုများ၏ ထိခိုက်လွယ်မှု အခြေအနေ

ဇယား(၈) ကူညီစောင့်ရှောက်မှုအထူးလိုအပ်သော အုပ်စုများ၏ ထိခိုက်လွယ်မှုအခြေအနေ

အကြောင်းအရာ	ကျား	မ	ပေါင်း
မိသားစုစောင့်ရှောက်မှုမရှိသော သက်ကြီးရွယ်အို ဖြစ်နှစ်နှင့် အထက်			
မိသားစု/ရပ်ရွာ၏ စောင့်ရှောက်မှုမရှိသော မသန်စွမ်းသည့် ပုဂ္ဂိုလ်			
	အိမ်ထောင်စုအရေအတွက်		
ဆင်းရဲ၍မိသားစုဦးရေများသည့် အမျိုးသမီးဦးဆောင် အိမ်ထောင်စု	၅		
ဆင်းရဲ၍မိသားစုဦးရေများသည့် မုဆိုးဖို/တစ်ခုလပ် အိမ်ထောင်စု	၁၀		
အခြားဒေသသို့ ကြာမြင့်စွာ သွားရောက်နေထိုင်လုပ်ကိုင်နေသည့် ဆင်းရဲသည့် အိမ်ထောင်စု	၅		

ရင်းမြစ် . . . ဦးတည်အုပ်စုဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

လေ့လာတွေ့ရှိချက်။ ကူညီစောင့်ရှောက်မှု လိုအပ်သည့် အိမ်ထောင်စုများ အသင့်အတင့်ရှိပါသည်။

(၄-၃) ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ

ဇယား(၉) ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ

စဉ်	ထိခိုက်လွယ်မှုအမျိုးအစား (အခြေအနေ)	ထိခိုက်လွယ်မှု (မှန်ရာတစ်ခုကိုသာရွေးရန်)			
၁	စားနပ်ရိက္ခာမဖူလုံမှု	မြင့် ☐	လတ် ☐	နိမ့် ☑	မရှိ ☐
၂	သဘာဝရင်းမြစ် ရှားပါးမှု (မြေ၊ စိုက်ပျိုးရေး)	မြင့် ☐	လတ် ☑	နိမ့် ☐	မရှိ ☐
၃	ရေကြီးခြင်း	မြင့် ☐	လတ် ☑	နိမ့် ☐	မရှိ ☐
၄	မိုးခေါင်ခြင်း	မြင့် ☐	လတ် ☐	နိမ့် ☐	မရှိ ☑
၅	အအေးလွန်ကဲခြင်း	မြင့် ☐	လတ် ☐	နိမ့် ☐	မရှိ ☑
၆	မုန်တိုင်း	မြင့် ☐	လတ် ☐	နိမ့် ☑	မရှိ ☐
၇	ငလျင်	မြင့် ☐	လတ် ☐	နိမ့် ☑	မရှိ ☐
၈	မီးဘေး	မြင့် ☐	လတ် ☐	နိမ့် ☑	မရှိ ☐
၉	ဆားငန်ရေဝင်မြေ	မြင့် ☐	လတ် ☐	နိမ့် ☑	မရှိ ☐
၁၀	မြေပြိုခြင်း ၊ မြေဆီလွှာပျက်ယွင်းမှု	မြင့် ☐	လတ် ☑	နိမ့် ☐	မရှိ ☐
၁၁	သစ်တောပြုန်းတီးခြင်း	မြင့် ☐	လတ် ☐	နိမ့် ☐	မရှိ ☑
၁၂	ငှက်ဖျားရောဂါ	မြင့် ☐	လတ် ☐	နိမ့် ☑	မရှိ ☐
၁၃	တီဘီရောဂါ	မြင့် ☐	လတ် ☐	နိမ့် ☑	မရှိ ☐
၁၄	ကိုယ်ခံအားကျဆင်းမှုရောဂါ	မြင့် ☐	လတ် ☐	နိမ့် ☐	မရှိ ☑

စဉ်	ထိခိုက်လွယ်မှုအမျိုးအစား (အခြေအနေ)	ထိခိုက်လွယ်မှု (မှန်ရာတစ်ခုကိုသာရွေးရန်)			
၁၅	ပြည်တွင်း ပဋိပက္ခ	မြင့် ☐	လတ် ☐	နိမ့် ☐	မရှိ ☑
၁၆	တိရစ္ဆာန်ကူးစက်ရောဂါကျရောက်မှု	မြင့် ☐	လတ် ☑	နိမ့် ☐	မရှိ ☐
၁၇	လူကုန်ကူးခြင်း	မြင့် ☐	လတ် ☐	နိမ့် ☐	မရှိ ☑
၁၈	ဝေးလံခေါင်သီ /လမ်းပန်းဆက်သွယ်ရေး ခက်ခဲ စသည်	မြင့် ☑	လတ် ☐	နိမ့် ☐	မရှိ ☐

ရင်းမြစ် . . . ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

မှတ်ချက်။ ။ ထိခိုက်သက်ရောက်လွယ်မှုဟုဆိုရာ၌ ကျေးရွာတွင် စားနပ်ရိက္ခာမဖူလုံခြင်း၊ ရေကြီးခြင်း၊ မိုးခေါင်ခြင်းစသည့်အခြေအနေများ ဖြစ်ပေါ်ခြင်းရှိပါက ယင်းဖြစ်စဉ်များအတွက် ကျေးရွာသူရွာသားများ ထိခိုက်သက်ရောက်မှု ရှိနိုင်ပါသလား။ ထိခိုက်မှုရှိပါက ကျေးရွာ၏ မည်သို့သော အိမ်ထောင်စုများနှင့် အိမ်ထောင်စုမည်မျှ ထိခိုက်သက်ရောက်မှု ခံစားကြရပါသလဲ။

(ဥပမာ။ ။ အိမ်ထောင်စု ၁၀၀ တွင် ၂၅ အိမ်ထောင်စု အောက် - နိမ့်

အိမ်ထောင်စု ၁၀၀ တွင် ၂၅ မှ ၅၀ အိမ်ထောင်စု - လတ်

အိမ်ထောင်စု ၁၀၀ တွင် ၅၀ အိမ်ထောင်စုအထက် - မြင့်)

လေ့လာတွေ့ရှိချက်။ ။ စားနပ်ရိက္ခာမဖူလုံမှု၊ စိုက်ပျိုးမြေမတိုးချဲ့နိုင်မှု၊ မိုးတွင်းကာ မြစ်ရေလျှံလျှင် မြေနိမ့်ပိုင်းများ ရေကြီးခြင်း၊ တိရစ္ဆာန်ရောဂါကျရောက်မှုနှင့် လမ်းပန်းဆက်သွယ်ရေးအခက်အခဲတို့ကိုသာ တွေ့ရှိရပါသည်။

(c-၄) ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ

ဇယား (၁၀) ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ

စဉ်	ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ	ထိခိုက်လွယ်မှု (မှန်ရာ <u>တစ်ခုကိုသာ</u> ရွေးရန်)			
၁	လူငယ်	မြင့် ☐	လတ် ☑	နိမ့် ☐	မရှိ ☐
၂	အမျိုးသမီး ဦးဆောင်သည့်ဆင်းရဲသည့်အိမ်ထောင်စု	မြင့် ☐	လတ် ☐	နိမ့် ☑	မရှိ ☐
၃	မြေယာမဲ့ ၊ ဆင်းရဲသားတောင်သူ	မြင့် ☐	လတ် ☑	နိမ့် ☐	မရှိ ☐
၄	သဘာဝဘေးဒဏ်ဆိုးရွားစွာကျရောက်နိုင်သော အိမ်ထောင်စု/ ကူးစက်ရောဂါထူပြောသောဒေသ တွင် နေထိုင်သူ	မြင့် ☐	လတ် ☐	နိမ့် ☑	မရှိ ☐
၅	မြစ်ကမ်းဘေး နေထိုင်သူများ	မြင့် ☑	လတ် ☐	နိမ့် ☐	မရှိ ☐
၆	မတော်တဆမှု ဖြစ်နိုင်ခြေများသောနေရာ (Prone to accident) တွင် နေထိုင်သူများ	မြင့် ☐	လတ် ☑	နိမ့် ☐	မရှိ ☐
၇	ပြည်တွင်းနေရပ်စွန့်ခွာရွှေ့ပြောင်းခံရသူများ (IDP)	မြင့် ☐	လတ် ☐	နိမ့် ☐	မရှိ ☑
၈	မြေနိမ့်ပိုင်း နေထိုင်သူများ	မြင့် ☐	လတ် ☑	နိမ့် ☐	မရှိ ☐

စဉ်	ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ	ထိခိုက်လွယ်မှု (မှန်ရာ <u>တစ်ခုကိုသာ</u> ရွေးရန်)			
၉	ငါးကန်ပိုင်ရှင်များ	မြင့် ☐	လတ် ☐	နိမ့် ☑	မရှိ☐
၁၀	လက်လုပ်လက်စားများ ၊ ကျပန်းများ	မြင့် ☑	လတ် ☐	နိမ့် ☐	မရှိ ☐
၁၁	လူနည်းစု လူမျိုးများ	မြင့် ☐	လတ် ☐	နိမ့် ☑	မရှိ ☐
၁၂	ဒေသတွင်းပဋိပက္ခ ဧရိယာတွင် နေထိုင်သူများ	မြင့် ☐	လတ် ☐	နိမ့် ☐	မရှိ ☑
၁၃	နယ်စပ်ဒေသတွင် နေထိုင်သူများ	မြင့် ☐	လတ် ☐	နိမ့် ☐	မရှိ ☑
၁၄	ရွှေတွင်းလုပ်သားများ	မြင့် ☐	လတ် ☐	နိမ့် ☐	မရှိ ☑
၁၅	ဆေးဆွဲသူများ	မြင့် ☐	လတ် ☐	နိမ့် ☐	မရှိ ☑
၁၆	ကူးစက်ရောဂါရနိုင်ခြေရှိသောသူများ	မြင့် ☐	လတ် ☐	နိမ့် ☐	မရှိ ☑
၁၇	လှည့်လည်သွားလာ၍ ဈေးရောင်းသူများ	မြင့် ☐	လတ် ☐	နိမ့် ☑	မရှိ ☐
၁၈	နေရပ်ပြန် အခြေချသူများ	မြင့် ☐	လတ် ☐	နိမ့် ☐	မရှိ ☑
၁၉	ရွှေပြောင်းလုပ်သားများ	မြင့် ☐	လတ် ☐	နိမ့် ☑	မရှိ☐
၂၀	ကားမောင်းပြီး အသက်မွေးသူများ	မြင့် ☐	လတ် ☐	နိမ့် ☐	မရှိ ☑

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

မှတ်ချက်။ ။ ကျေးရွာရှိ လူငယ်များ၊ အမျိုးသမီးဦးဆောင်သော အိမ်ထောင်စုများ စသည်တို့သည် မည်သို့သော အခြေအနေများတွင် လွယ်လွယ်ကူကူ ထိခိုက်သက်ရောက်မှု ရှိနိုင်ပါသလား။ ထိခိုက်မှုရှိပါက မည်မျှအထိ ထိခိုက်ကြပါသနည်း။

လေ့လာတွေ့ရှိချက်။ ။ ဆင်းရဲသားတောင်သူများ၊ အမျိုးသမီးဦးဆောင်သော မိသားစုများ၊ လက်လုပ် လက်စားကျပန်းများမှာ အလုပ်အကိုင် အခွင့်အလမ်းအရ လူမှုစီးပွားရေး ထိခိုက်နိုင်ခြေရှိပြီး မြစ်ကမ်းဘေး နေထိုင်သူများမှာလည်း သဘာဝဘေးအန္တရာယ် ထိခိုက်သက်ရောက်နိုင်ခြေရှိပါသည်။ ငါးကန်နှင့် ပတ်သက်၍ ယခင်က ကျေးရွာပြည်သူများစုပေါင်း၍ ငါးပြေမ များ မွေးမြူသည့်လုပ်ငန်း ဆောင်ရွက်ခဲ့ဖူး သော်လည်း မအောင်မြင်ခဲ့ပါ။

(၂) ကျေးရွာ၏ လက်ရှိဖွံ့ဖြိုးရေးအခြေအနေ

(က) ဖွံ့ဖြိုးရေးအဖွဲ့အစည်းများ အခြေအနေ

(က-၁) ကျေးရွာအတွင်းရှိ လူထုအခြေပြုအဖွဲ့အစည်းများ

ဇယား(၁၁) ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ

စဉ်	အဖွဲ့အစည်းအမည်	အမျိုးအစား (မှန်ရာ တစ်ခုကိုသာ ရွေးရန်)	အဖွဲ့ဝင်ဦးရေ			လုပ်ငန်းတာဝန် (အနည်းဆုံးတစ်ခုနှင့်အထက် ရွေးနိုင်သည်။)	စွမ်းဆောင်နိုင်မှု (မှန်ရာ တစ်ခုကိုသာ ရွေးရန်။)
			ကျား	မ	ပေါင်း		
						ပညာရေး ☐ ငွေကြေး ☑	
						ကျန်းမာရေး ☐ ဘာသာရေး ☐	ကောင်း ☐
၁	စိုက်/ မွေး အဖွဲ့	၁ ☑ ၂ ☐ ၃ ☐				စိုက်ပျိုးမွေးမြူရေး ☑	သင့် ☑
						သာရေး/နာရေး၊ လူမှုဖွံ့ဖြိုးရေး ☐	ညံ့ ☐
						လုံခြုံရေးနှင့်ကာကွယ်ရေး ☐	
						ပညာရေး ☐ ငွေကြေး ☐	
						ကျန်းမာရေး ☐ ဘာသာရေး ☐	ကောင်း ☐
၂	လူမှုရေးအဖွဲ့	၁ ☐ ၂ ☑ ၃ ☐	၁၇	၉	၂၆	စိုက်ပျိုးမွေးမြူရေး ☐	သင့် ☑
						သာရေး/နာရေး၊ လူမှုဖွံ့ဖြိုးရေး ☑	ညံ့ ☐
						လုံခြုံရေးနှင့်ကာကွယ်ရေး ☐	
						ပညာရေး ☐ ငွေကြေး ☐	
						ကျန်းမာရေး ☐ ဘာသာရေး ☐	ကောင်း ☐
၃		၁ ☐ ၂ ☐ ၃ ☐				စိုက်ပျိုးမွေးမြူရေး ☐	သင့် ☐
						သာရေး/နာရေး၊ လူမှုဖွံ့ဖြိုးရေး ☐	ညံ့ ☐
						လုံခြုံရေးနှင့်ကာကွယ်ရေး ☐	
						ပညာရေး ☐ ငွေကြေး ☐	
						ကျန်းမာရေး ☐ ဘာသာရေး ☐	ကောင်း ☐
၄		၁ ☐ ၂ ☐ ၃ ☐				စိုက်ပျိုးမွေးမြူရေး ☐	သင့် ☐
						သာရေး/နာရေး၊ လူမှုဖွံ့ဖြိုးရေး ☐	ညံ့ ☐
						လုံခြုံရေးနှင့်ကာကွယ်ရေး ☐	

ရင်းမြစ် . . . ဦးတည်အုပ်စုဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု ၊ အမျိုးသမီးအုပ်စု။

အုပ်စုအမျိုးအစား

(၁) စီးပွားရေးအခြေခံအုပ်စု - လယ်သမားအဖွဲ့၊ ငွေစုငွေချေးအဖွဲ့စသည်။

(၂) လူမှုရေးအဖွဲ့ - ဥပမာ- အမျိုးသမီးအဖွဲ့၊ လူငယ်အဖွဲ့၊ ကိုယ်ထူကိုယ်ထအဖွဲ့။

(၃) ဘာသာရေးနှင့် ယဉ်ကျေးမှုအဖွဲ့

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင် လူမှုရေးအသင်းအဖွဲ့အဖြစ် ယခင်က ဖွဲ့စည်းခဲ့သော ကျေးရွာသာရေးနာရေး လူမှုဖွံ့ဖြိုးရေးအဖွဲ့၊ ယခုလမ်းလုပ်ငန်း ဆောင်ရွက်ရန် ဖွဲ့စည်းထားသည့် ကျေးရွာဖွံ့ဖြိုးရေး ကော်မတီနှင့် စိုက်ဘဏ်ချေးငွေများအတွက် ဖွဲ့စည်းထားသော အသင်းအဖွဲ့အချို့သာရှိပါသည်။

(က-၂) ကျေးရွာဖွံ့ဖြိုးရေး ဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများ

ဇယား(၁၂) ကျေးရွာဖွံ့ဖြိုးရေးဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများ

စဉ်	အမည်	အဖွဲ့အစည်းအမျိုးအစား (မှန်ရာတစ်ခုကိုသာရွေးရန်)							အဖွဲ့အစည်း၏ လုပ်ငန်းတာဝန်များနှင့် အစီအစဉ် (အနည်းဆုံးတစ်ခုနှင့်အထက် ရွေးနိုင်သည်။)	
၁		၁☐	၂☐	၃☐	၄☐	၅☐	၆☐	၇☐	ပညာရေး ☐	ငွေကြေး ☐
									ကျန်းမာရေး ☐	ဘာသာရေး ☐
									စိုက်ပျိုးမွေးမြူရေး	☐
									သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး	☐
၂		၁☐	၂☐	၃☐	၄☐	၅☐	၆☐	၇☐	ပညာရေး ☐	ငွေကြေး ☐
									ကျန်းမာရေး ☐	ဘာသာရေး ☐
									စိုက်ပျိုးမွေးမြူရေး	☐
									သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး	☐
		၁☐	၂☐	၃☐	၄☐	၅☐	၆☐	၇☐	ပညာရေး ☐	ငွေကြေး ☐
									ကျန်းမာရေး ☐	ဘာသာရေး ☐
									စိုက်ပျိုးမွေးမြူရေး	☐
									သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး	☐

ရင်းမြစ် . . . ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

မှတ်ချက်။

(၁) ဘာသာရေးနှင့်ပတ်သက်သော အဖွဲ့အစည်း(ပြည်တွင်း/ ပြည်ပ) (ဥပမာ-ဓမ္မစကူးလ်ဖောင်ဒေးရှင်း၊ Christian Aid Missions စသည်)

(၂) အစိုးရမဟုတ်သောအဖွဲ့အစည်း (ပြည်တွင်း/ ပြည်ပ) (ဥပမာ- Care International, Save the Children, Gret, Pact Myanmar စသည်)

(၃) အရပ်ဘက်လူမှုအဖွဲ့အစည်း

(၄) နိုင်ငံအများ၏ ရန်ပုံငွေဖြင့် ဆောင်ရွက်သော ဖွံ့ဖြိုးရေးအဖွဲ့အစည်းများ (ဥပမာ-ကုလသမဂ္ဂအဖွဲ့၊ ကမ္ဘာ့ဘဏ်၊ အာရှဖွံ့ဖြိုးရေးဘဏ်)

(၅) နိုင်ငံတစ်ခု၏ ရန်ပုံငွေဖြင့် ဖွဲ့စည်းထားသော ဖွံ့ဖြိုးရေးအဖွဲ့အစည်းများ (ဥပမာ - GIZ, UKAid, US Aid, စသည်)

(၆) ပရဟိတအဖွဲ့ (ပြည်တွင်း/ ပြည်ပ)

(၇) ပုဂ္ဂလိကအဖွဲ့အစည်းများ

နိုင်ငံတော်မှ ဒေသအကျိုး၊ ပြည်သူ့အကျိုးကို ထိရောက်စွာ ထမ်းဆောင်နိုင်စေရန်အလို့ငှာ ဥပဒေ၊ နည်းဥပဒေလမ်းညွှန်ချက်များဖြင့်ပြဋ္ဌာန်းကာ ဖွဲ့စည်းပေးထားနေသော အဖွဲ့အစည်း၊ အသင်းအဖွဲ့များ (ဥပမာ - သမဝါယမဦးစီးဌာန၏ သမဝါယမအသင်း၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ မြစိမ်းရောင်စသည်) တို့ကို ဤဇယားတွင် ထည့်သွင်းဖော်ပြခြင်းမပြုပါရန်။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင် ပြင်ပအဖွဲ့အစည်းများ မရှိပါ။

(ခ) စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ

(ခ-၁) သီးနှံထုတ်လုပ်ရေး

(၁) စိုက်ပျိုးမြေပိုင်ဆိုင်မှု

ဇယား(၁၃) ကျေးရွာ၏ စိုက်ပျိုးမြေပိုင်ဆိုင်မှု ၊ မြေယာပိုင်ဆိုင်သည့် အိမ်ထောင်စု

စဉ်	မြေပိုင်ဆိုင်မှုအရွယ်အစား	အိမ်ထောင်စုအရေအတွက်	ဖွံ့ဖြိုးရေးအမြင်သတ်မှတ်ချက်
၁	မြေယာမဲ့	၄၄	မြေမဲ့ယာမဲ့
၂	၂.၅ ဧကအောက်	၁၁	ဆင်းရဲသားတောင်သူ
၃	၂.၅ ဧက မှ ၅ ဧက	၆	တောင်သူငယ်
၄	၅ ဧက မှ ၁၂.၅ ဧက	၁၅	တောင်သူလတ်
၅	၁၂.၅ ဧက အထက်	၄	တောင်သူကြီး
ကျေးရွာရှိအိမ်ထောင်စုစုစုပေါင်း		**၈၀**	☒

ရင်းမြစ် . . . (၁) အိမ်ထောင်စုစာရင်းကောက်ယူမှု ၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

လေ့လာတွေ့ရှိချက်။ ။ ကျွန်တော်တို့ရွာတွင် မြေယာမဲ့ဦးရေမှာ အိမ်ထောင်စုအားလုံး၏ ၅၅ %ခန့်ရှိပါသည်။

(၂) အစိုးရနှင့် ပုဂ္ဂလိက ရေအရင်းအမြစ်များမှ ရေသွင်းနိုင်သည့် ဧရိယာ

ဇယား (၁၄) ကျေးရွာ၏ ရေအရင်းအမြစ်နှင့် ရေသွင်းဧရိယာ

စဉ်	အရင်းအမြစ်	ရေသောက် (ဧက)	ရေရှိနိုင်မှု			
			တစ်နှစ်ပတ်လုံး /ရာသီအလိုက် (မှန်ရာ တစ်ခုကိုသာ ရွေးရန်)	လုံလောက်မှု (ရှိ/မရှိ) (မှန်ရာ တစ်ခုကိုသာ ရွေးရန်)		
၁	ဆည်		တစ်နှစ်ပတ်လုံး☐ ရာသီအလိုက်☐ မဖြေဆိုပါ☐	ရှိ ☐	မရှိ ☐	မဖြေဆိုပါ ☐
၂	ရေလွှဲဆည်		တစ်နှစ်ပတ်လုံး☐ ရာသီအလိုက်☐ မဖြေဆိုပါ☐	ရှိ ☐	မရှိ ☐	မဖြေဆိုပါ ☐
၃	မြစ်ရေတင်စီမံကိန်း		တစ်နှစ်ပတ်လုံး☐ ရာသီအလိုက်☐ မဖြေဆိုပါ☐	ရှိ ☐	မရှိ ☐	မဖြေဆိုပါ ☐
၄	ရေသွင်းမြောင်း		တစ်နှစ်ပတ်လုံး☐ ရာသီအလိုက်☐ မဖြေဆိုပါ☐	ရှိ ☐	မရှိ ☐	မဖြေဆိုပါ ☐
၅	အဝီစိတွင်း		တစ်နှစ်ပတ်လုံး☐ ရာသီအလိုက်☐ မဖြေဆိုပါ☐	ရှိ ☐	မရှိ ☐	မဖြေဆိုပါ ☐
၆	လက်ငင်းရေတွင်း		တစ်နှစ်ပတ်လုံး☐ ရာသီအလိုက်☐ မဖြေဆိုပါ☐	ရှိ ☐	မရှိ ☐	မဖြေဆိုပါ ☐
၇	စိမ့်စမ်းရေ		တစ်နှစ်ပတ်လုံး☐ ရာသီအလိုက်☐ မဖြေဆိုပါ☐	ရှိ ☐	မရှိ ☐	မဖြေဆိုပါ ☐
၈	ချောင်းရေ	၃၁၂.၇	တစ်နှစ်ပတ်လုံး☑ ရာသီအလိုက်☐ မဖြေဆိုပါ☐	ရှိ ☑	မရှိ ☐	မဖြေဆိုပါ ☐

ရင်းမြစ် ... (၁) ဦးတည်အုပ်စုဆွေးနွေးခြင်း - လယ်သမားအုပ်စု၊ (၂) ဆည်မြောင်းဦးစီးဌာန၊ စိုက်ပျိုးရေးဦးစီးဌာန။

လေ့လာတွေ့ရှိချက်။ ။ ကျွန်တော်တို့ရွာသည် မိုးရာသီတွင် မိုးရေကိုသာအဓိကထားစိုက်ပျိုးကြပြီး နွေစပါးအတွက် မြစ်/ ချောင်းရေများကို အသုံးပြုပါသည်။

(၃) အဓိကသီးနှံများနှင့် အထွက်နှုန်း

ဇယား(၁၅) အဓိကသီးနှံများနှင့် အထွက်နှုန်း

သီးနှံ	စုစုပေါင်းစိုက်ကွက်	တစ်ကွက် အထွက်နှုန်း				သီးနှံစိုက်ပျိုးသည့် ကာလ		သွင်းအားစုလိုအပ်ချက် (မှန်ရာ တစ်ခုကိုသာ ရွေးရန်)			အမြတ်ရရှိနိုင်မှု (မှန်ရာ တစ်ခုကိုသာ ရွေးရန်)		
		ယူနစ်	အနည်းဆုံး	အများဆုံး	ပျမ်းမျှ	မှ	ထိ						
မိုးစပါး	၃၁၂.၇	တင်း	၅၀	၇၀	၆၀	ဇွန်	နိုဝင်ဘာ	မြင့်☐	လတ်☑	နိမ့်☐	မြင့်☐	လတ်☑	နိမ့်☐
နွေစပါး	၂၄၀	တင်း	၇၀	၉၀	၈၀	ဒီဇင်ဘာ	မတ်	မြင့်☑	လတ်☐	နိမ့်☐	မြင့်☐	လတ်☑	နိမ့်☐
								မြင့်☐	လတ်☐	နိမ့်☐	မြင့်☐	လတ်☐	နိမ့်☐
								မြင့်☐	လတ်☐	နိမ့်☐	မြင့်☐	လတ်☐	နိမ့်☐

ရင်းမြစ် . . . ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမားအုပ်စု

လေ့လာတွေ့ရှိချက်။ ။ ငရုတ်၊ ကွမ်း၊ ကွမ်းသီးစသည့်သီးနှံများလည်း တစ်နိုင်တစ်ပိုင် စိုက်ပျိုးကြပါသည်။

(၄) လယ်ယာသုံးစက်ကိရိယာများ

ဇယား (၁၆) ကျေးရွာ၏ စိုက်ပျိုးရေးသုံး ကိရိယာများ ပိုင်ဆိုင်မှု

စက်အမျိုးအစား	တစ်ဦးချင်းပိုင်	ရွာပိုင်	အဖွဲ့ပိုင်	ငှားရမ်းလုပ်ကိုင်နေသောတောင်သူ
ထွန်စက်	၁			၁
လက်တွန်းထွန်စက်	၂၀			၁၇
အစေ့ချကိရိယာ				
ရိတ်သိမ်းခြွေလှေစက်	၁			၂၇
ရိတ်သိမ်းစက်				၅
ခြွေလှေစက်	၉			၁၉
ရေစုပ်စက်	၄၅			၅
ခြေနင်းရေတင်စက်				
မြက်ရိတ်စက်				၂

ရင်းမြစ်... (၁)အိမ်ထောင်စုစာရင်းကောက်ယူမှု၊(၂) ဦးတည်အုပ်စုဆွေးနွေးခြင်း - လယ်သမားအုပ်စု

လေ့လာတွေ့ရှိချက်။ ။ လယ်ဧကနည်းပါးသောသူများ စက်များငှားရမ်း၍ လုပ်ကိုင်ကြပါသည်။

(၅) သီးနှံအထွက်နှုန်း တိုးစေရန်အတွက် အခွင့်အလမ်းများ

ဇယား(၁၇) သီးနှံအထွက်နှုန်း တိုးစေရန်အတွက် အခွင့်အလမ်းများ

အခွင့်အလမ်း	**ဖော်ပြချက် / ရှင်းလင်းချက်** (မှန်ရာတစ်ခုကိုသာရွေးရန်။ ဇယား၁၇ နှင့် ၁၈ ကို ချိတ်ဆက်စစ်ဆေးပြီးမှ ဖြေဆိုရန်။ ဖြေဆိုရန်မလိုအပ်ဟု ယူဆသော အချက်များရှိပါက 'မဖြေဆိုပါ' ဟူသောအကွက်ကိုရွေးရန်။)			
သဘာဝရေမြေရာသီဥတုအနေအထား	အလွန်ကောင်း ☐	ကောင်း ☐	သင့်တင့်မျှတ ☑	မဖြေဆိုပါ ☐
လယ်ယာမြေအသုံးချနိုင်မှု	အလွန်ကောင်း ☐	ကောင်း ☐	သင့်တင့်မျှတ ☑	မဖြေဆိုပါ ☐
စိုက်ပျိုးရေ အရင်းအမြစ်	ပေါများ ☐		အသင့်အတင့်ရှိ ☑	မဖြေဆိုပါ ☐
ချေးငွေနှင့် ငွေကြေးဝန်ဆောင်မှု	အလွယ်တကူရသည် ☐		ရသည် ☑	မဖြေဆိုပါ ☐
သီးနှံမျိုးစေ့ ရရှိနိုင်မှု	မျိုးကောင်းမျိုးသန့်များကို လွယ်ကူစွာဝယ်ယူနိုင်သည် ☐			
	သီးနှံမျိုးစေ့များ ဝယ်ယူရရှိနိုင်သည် ☑		မဖြေဆိုပါ ☐	
သဘာဝမြေဆွေး/အော်ဂဲနစ် မြေဩဇာနှင့် အခြား အော်ဂဲနစ်သွင်းအားစုများ	လွယ်ကူစွာဝယ်ယူ/ရနိုင်သည် ☐	ဝယ်ယူရနိုင်သည် ☑		မဖြေဆိုပါ ☐
ဓာတုပိုးသတ်ဆေး ၊ ဓာတ်မြေဩဇာနှင့် အခြားဓာတုဗေဒသွင်းအားစုများ	လွယ်ကူစွာဝယ်ယူ/ရနိုင်သည် ☐	ဝယ်ယူရနိုင်သည် ☑		မဖြေဆိုပါ ☐
လုပ်သားရရှိနိုင်မှု	အလွယ်တကူရနိုင်သည် ☐	ရနိုင်သည် ☑		မဖြေဆိုပါ ☐
နည်းပညာ၊ အုပ်ချုပ်ရေးပိုင်းဆိုင်ရာ ဝန်ဆောင်မှုများ	အလွယ်တကူရနိုင်သည် ☐	ရနိုင်သည် ☑		မဖြေဆိုပါ ☐
သီးနှံဈေးကွက်နှင့်ကုန်သွယ်မှု	သီးနှံများကို လွယ်ကူစွာနှင့် ဈေးနှုန်းမှန်ကန်စွာဖြင့် ရောင်းချနိုင်သည် ☐			
	သီးနှံများကို ရောင်းချနိုင်သည် ☑			မဖြေဆိုပါ ☐

ရင်းမြစ် ...(၁) ဦးတည်အုပ်စုဆွေးဆွေးခြင်း - လယ်သမားအုပ်စု၊ (၂) သက်ဆိုင်ရာမြို့နယ်အစိုးရဦးစီးဌာနများ။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင် မြစ်/ ချောင်းရှိသဖြင့် စိုက်ပျိုးရေလုံလောက်ပါသည်။

(၆) သီးနှံထုတ်လုပ်မှုအတွက် ပြဿနာနှင့် အခက်အခဲများ

ဇယား(၁၈) သီးနှံထုတ်လုပ်မှုအတွက် ပြဿနာနှင့် အခက်အခဲများ

ပြဿနာနှင့် အခက်အခဲများ	**ဖော်ပြချက် / ရှင်းလင်းချက်** (<u>အနည်းဆုံးတစ်ခုနှင့်အထက်</u> ရွေးနိုင်သည်။ ဇယား၁၇ နှင့် ၁၈ ကို ချိတ်ဆက်စစ်ဆေးပြီးမှ ဖြေဆိုရန်။ ဖြေဆိုရန်မလိုအပ်ဟု ယူဆသောအချက်များ ရှိပါက 'မဖြေဆိုပါ' ဟူသောအကွက်ကိုရွေးရန်။)		
သဘာဝရေမြေရာသီဥတုအနေအထား	မြေဆီမြေဩဇာမကောင်း ☐	ရာသီဥတုမမှန် ☑	မဖြေဆိုပါ ☐

ပြဿနာနှင့် အခက်အခဲများ	**ဖော်ပြချက် / ရှင်းလင်းချက်** (<u>အနည်းဆုံးတစ်ခုနှင့်အထက်</u> ရွေးနိုင်သည်။ ဇယား၁၇ နှင့် ၁၈ ကို ချိတ်ဆက်စစ်ဆေးပြီးမှ ဖြေဆိုရန်။ ဖြေဆိုရန် မလိုအပ်ဟု ယူဆသောအချက်များရှိပါက 'မဖြေဆိုပါ' ဟူသောအကွက်ကိုရွေးရန်။)	
လယ်ယာမြေအသုံးချနိုင်မှု	လယ်ယာမြေတိုးချဲ့နိုင်မှုမရှိပါ	☑
	လယ်ယာမြေဆုံးရှုံးမှုများသည်	☐
	လယ်ယာမြေဆုံးရှုံးမှုအသင့်အတင့်ရှိသည်	☑
	ပလပ်မြေများရှိသည်	☐
	ပလပ်မြေအသင့်အတင့်ရှိသည် ☑ မဖြေဆိုပါ	☐
စိုက်ပျိုးရေ အရင်းအမြစ်	အလွယ်တကူမရနိုင် ☐ လုံးဝမရ ☐ မဖြေဆိုပါ	☑
ချောင်းငွေနှင့် ငွေကြေးဝန်ဆောင်မှု	အလွယ်တကူမရနိုင် ☐ လုံးဝမရ ☐ မဖြေဆိုပါ	☑
သီးနှံမျိုးစေ့ ရရှိနိုင်မှု	အလွယ်တကူမရနိုင် ☑ လုံးဝမရ ☐ မဖြေဆိုပါ	☐
သဘာဝမြေဆွေး/အော်ဂဲနစ် မြေဩဇာနှင့် အခြားအော်ဂဲနစ် သွင်းအားစုများ	အလွယ်တကူမရနိုင် ☑ လုံးဝမရ ☐ မဖြေဆိုပါ	☐
ဓာတုပိုးသတ်ဆေး ၊ ဓာတ်မြေဩဇာနှင့် အခြားဓာတုဗေဒသွင်းအားစုများ	အလွယ်တကူမရနိုင် ☐ လုံးဝမရ ☐ မဖြေဆိုပါ	☑
လုပ်သားရရှိနိုင်မှု	အလွယ်တကူမရနိုင် ☑ လုံးဝမရ ☐ မဖြေဆိုပါ	☐
နည်းပညာ ၊ အုပ်ချုပ်ရေးပိုင်းဆိုင်ရာ ဝန်ဆောင်မှုများ	အလွယ်တကူမရနိုင် ☑ လုံးဝမရ ☐ မဖြေဆိုပါ	☐
သီးနှံဈေးကွက်နှင့် ကုန်သွယ်မှု	သီးနှံများကို လွယ်ကူစွာနှင့် ဈေးနှုန်းမှန်ကန်စွာဖြင့် မရောင်းချနိုင်ပါ။ ☑	
	သီးနှံများကို ရောင်းချရန် ဈေးကွက်မရှိပါ ☐ မဖြေဆိုနိုင်ပါ ☐	
ဖျက်ပိုးနှင့် ရောဂါကျရောက်မှု	ဆိုးရွားစွာကျ ☐ အသင့်အတင့်ကျ ☑ အနည်းငယ် ☐ မဖြေဆိုပါ ☐	

ရင်းမြစ် (၁) ဦးတည်အုပ်စုဆွေးနွေးခြင်း - လယ်သမားအုပ်စု၊ (၂)သက်ဆိုင်ရာမြို့နယ်အစိုးရဦးစီးဌာနများ

လေ့လာတွေ့ရှိချက်။ ။ နှစ်စဉ် သီးနှံဖျက်ပိုး ကျရောက်မှုများ ရှိပါသည်။ ရေကြီးချိန်တွင် လယ်ယာမြေဆုံးရှုံးမှုများ၊ သီးနှံပျက်စီးမှုများရှိပါသည်။

(ခ-၂) မွေးမြူရေးလုပ်ငန်း

(၁) မွေးမြူရေးနှင့် ငါးလုပ်ငန်းဆောင်ရွက်မှုအခြေအနေ

ဇယား(၁၉) မွေးမြူရေးနှင့် ငါးလုပ်ငန်းဆောင်ရွက်မှုအခြေအနေ

မွေးမြူရေးနှင့် ငါးလုပ်ငန်း	မွေးမြူရေးနှင့် ငါးလုပ်ငန်း လုပ်ကိုင်နေသော အိမ်ထောင်စု	ကောင်ရေ
မွေးမြူရေး		
နွား		
မွေးမြူရေး		
နို့စားနွား		

မွေးမြူရေးနှင့် ငါးလုပ်ငန်း	မွေးမြူရေးနှင့် ငါးလုပ်ငန်း လုပ်ကိုင်နေသော အိမ်ထောင်စု	ကောင်ရေ
ကျွဲ		
မြင်း		
မြည်း		
လား		
ဆိတ်	၁	၅
သိုး		
ဝက်	၆၇	၁၅၀
ကြက်	၆၆	၉၃၄
ဘဲ	၁၅	၁၉၈
နွားနောက်		
ငါးလုပ်ငန်း		
ငါးကန်	၅	၁၀.၄ ဧက
ပုဇွန်ကန်		
ဂဏန်းမွေးမြူရေးလုပ်ငန်း		
ရေချိုငါးဖမ်းလုပ်ငန်း		
ကမ်းလွန်ငါးဖမ်းလုပ်ငန်း		

ရင်းမြစ်...(၁) အိမ်ထောင်စုစာရင်းကောက်ယူမှု ၊ (၂)ဦးတည်အုပ်စုဆွေးနွေးခြင်း - လယ်သမားအုပ်စု။

လေ့လာတွေ့ရှိချက်။ ။ စီးပွားဖြစ်မွေးမြူခြင်းမဟုတ်ဘဲ တပိုင်တနိုင်မွေးမြူခြင်းသာဖြစ်ပါသည်။ ကျေးရွာတွင် နွားများ မရှိတော့ပါ။ ငါးကန်များမှာ ယခု လုပ်ကိုင်ခြင်းမရှိတော့ဘဲ ရေချိုငါးဖမ်းခြင်းများသာရှိပါသည်။

(၂) မွေးမြူရေးနှင့် သားငါးထုတ်လုပ်မှု တိုးတက်စေရန်အတွက် အခွင့်အလမ်းများ

ဇယား (၂၀) မွေးမြူရေးနှင့် သားငါးထုတ်လုပ်မှု တိုးတက်စေရန်အတွက် အခွင့်အလမ်းများ

အခွင့်အလမ်း	ဖော်ပြချက် /ရှင်းလင်းချက် (မှန်ရာတစ်ခုကိုသာရွေးရန်။ ဇယား ၂၀ နှင့် ၂၁ကို ချိတ်ဆက်စစ်ဆေးပြီးမှဖြေဆိုရန်။ ဖြေဆိုရန်မလိုအပ်ဟု ယူဆသောအချက်များရှိပါက 'မဖြေဆိုပါ'ဟူသောအကွက်ကို ရွေးရန်။)		
မွေးမြူရေး			
စားကျက်မြေ	ပေါများ ☐	အသင့်အတင့် ☐	မဖြေဆိုပါ ☑
ရေရရှိမှု	အလုံအလောက်ရနိုင် ☐	အသင့်အတင့်ရနိုင် ☑	မဖြေဆိုပါ ☐
မျိုးတိရစ္ဆာန် လက်လှမ်းမီမှု	မျိုးကောင်းတိရစ္ဆာန်များ လွယ်ကူစွာဝယ်ယူရနိုင် ☐ မျိုးကောင်းတိရစ္ဆာန်များ အသင့်အတင့်ဝယ်ယူရနိုင် ☐ မဖြေဆိုပါ ☑		
ချေးငွေ	ချေးငွေလွယ်ကူစွာရနိုင် ☐ ချေးငွေအသင့်အတင့်ရနိုင် ☑ မဖြေဆိုပါ ☐		

အခွင့်အလမ်း	ဖော်ပြချက် /ရှင်းလင်းချက် (မှန်ရာတစ်ခုကိုသာ ရွေးရန်။ ဇယား ၂၀နှင့် ၂၁ကို ချိတ်ဆက်စစ်ဆေးပြီးမှ ဖြေဆိုရန်။ ဖြေဆိုရန် မလိုအပ်ဟု ယူဆသောအချက်များရှိပါက 'မဖြေဆိုပါ' ဟူသောအကွက်ကိုရွေးရန်။)
သွင်းအားစု (မွေးမြူရေး အစာ၊ဆေးစသည်) ဈေးကွက်	သွင်းအားစုများလွယ်ကူစွာ ဝယ်ယူနိုင်သည် ☐ သွင်းအားစုများ ဝယ်ယူနိုင်သည် ☑ မဖြေဆိုပါ ☐
ဝန်ဆောင်မှုနှင့် နည်းပညာ ပံ့ပိုးမှု	နည်းပညာနှင့် အုပ်ချုပ်ရေးဆိုင်ရာဝန်ဆောင်မှုများ အလွယ်တကူ ရနိုင်သည်။ ☐ နည်းပညာနှင့် အုပ်ချုပ်ရေးဆိုင်ရာဝန်ဆောင်မှုများ ရနိုင်သည်။ ☐ မဖြေဆိုပါ။ ☑
ထုတ်ကုန်ရောင်းဝယ်မှု	ထုတ်ကုန်များကိုလွယ်ကူစွာနှင့် ဈေးနှုန်းမှန်ကန်စွာဖြင့်ရောင်းချနိုင်သည် ☐ ထုတ်ကုန်များကို ရောင်းချနိုင်သည် ☑ မဖြေဆိုပါ ☐
အိမ်ခြံဝင်းအတွင်း မြေနေရာလုံလောက်မှု	အလုံအလောက်ရှိသည် ☐ အသင့်အတင့်ရှိသည် ☑ မဖြေဆိုပါ ☐
ငါးလုပ်ငန်း	
ငါး /ပုဇွန်မွေးမြူရန် ရေမြေ အနေအထား	အလွန်ကောင်း ☐ ကောင်း ☐ သင့်တင့်မျှတ ☑ မဖြေဆိုပါ ☐
ငါး /ပုဇွန်သားပေါက် လက်လှမ်းမီမှု	လိုသလောက် လွယ်ကူစွာဝယ်ယူရရှိနိုင်သည် ☐ ဝယ်ယူရနိုင်သည် ☐ မဖြေဆိုပါ ☑
ချေးငွေ	လိုသလောက် လွယ်ကူစွာ ချေးငွေရရှိနိုင်သည် ☐ ချေးငွေရနိုင်သည် ☑ မဖြေဆိုပါ ☐
သွင်းအားစုလက်လှမ်းမီမှု	သွင်းအားစုများလွယ်ကူစွာ ဝယ်ယူနိုင်သည် ☐ သွင်းအားစုများ ဝယ်ယူနိုင်သည် ☑ မဖြေဆိုပါ ☐
နည်းပညာအကူအညီနှင့် နည်းလမ်းများ	နည်းပညာနှင့် အုပ်ချုပ်ရေးဆိုင်ရာဝန်ဆောင်မှုများ အလွယ်တကူ ရနိုင်သည်။ ☐ နည်းပညာနှင့် အုပ်ချုပ်ရေးဆိုင်ရာဝန်ဆောင်မှုများ ရနိုင်သည်။ ☐ မဖြေဆိုပါ။ ☑
ထုတ်ကုန်ရောင်းဝယ်မှု	ထုတ်ကုန်များကိုလွယ်ကူစွာနှင့်ဈေးနှုန်းမှန်ကန်စွာဖြင့်ရောင်းချနိုင်သည် ☐ ထုတ်ကုန်များကို ရောင်းချနိုင်သည် ☑ မဖြေဆိုပါ ☐
ငါးဖမ်းခွင့်ရရှိနိုင်မှု	လွယ်ကူသည် ☐ အသင့်အတင့်လွယ်ကူသည် ☑ မဖြေဆိုပါ ☐

ရင်းမြစ်...ဦးတည်အုပ်စုဆွေးနွေးခြင်း - လယ်သမားအုပ်စု။

လေ့လာတွေ့ရှိချက်။ ။ မွေးမြူရေးနှင့် ပတ်သက်၍ တစ်ပိုင်တစ်နိုင် မွေးမြူရေးသာ လုပ်ကိုင်စားသောက်ကြပါသည်။ လွတ်ကျောင်းစနစ်ဖြင့် မွေးမြူမှု များပါသည်။ ငါးဖမ်းလုပ်ငန်းမှာ မြစ်/ ချောင်းများအတွင်း ဖမ်းယူရာဖွေရောင်းချခြင်းသာ ရှိပါသည်။

(၃) မွေးမြူရေးနှင့် သားငါးထုတ်လုပ်မှု တိုးတက်စေရန်အတွက် ပြဿနာနှင့် စိန်ခေါ်မှုများ

ဇယား (၂၁) မွေးမြူရေးနှင့် သားငါးထုတ်လုပ်မှု တိုးတက်စေရန်အတွက် ပြဿနာနှင့် စိန်ခေါ်မှုများ

ပြဿနာနှင့် အခက်အခဲများ	**ဖော်ပြချက် /ရှင်းလင်းချက်** (အနည်းဆုံးတစ်ခုနှင့်အထက် ရွေးနိုင် သည်။ ဇယား ၂၀ နှင့် ၂၁ ကို ချိတ်ဆက်စစ်ဆေးပြီးမှ ဖြေဆိုရန်။ ဖြေဆိုရန် မလိုအပ် ဟုယူဆသောအချက်များရှိပါက 'မဖြေဆိုပါ' ဟူသော အကွက်ကိုရွေးရန်။)
မွေးမြူရေး	
စားကျက်မြေ	စားကျက်မြေရှားပါးသည်☐ စားကျက်မြေလုံးဝမရှိပါ☑ မဖြေဆိုပါ☐
ရေရရှိမှု	ရေရှားပါးသည် ☐ ရေလုံးဝမရှိပါ ☐ မဖြေဆိုပါ ☑
မျိုးတိရစ္ဆာန် လက်လှမ်းမီမှု	မျိုးကောင်းတိရစ္ဆာန်များ လွယ်ကူစွာ ဝယ်ယူမရနိုင်ပါ☑ မျိုးကောင်းတိရစ္ဆာန်များ လုံးဝ ဝယ်ယူမရပါ ☐ မဖြေဆိုပါ☐
ချေးငွေ	ချေးငွေလွယ်ကူစွာ မရနိုင်ပါ☑ ချေးငွေလုံးဝမရပါ☐ မဖြေဆိုပါ☐
သွင်းအားစု (မွေးမြူရေးအစာ၊ ဆေးစသည်)ဈေးကွက်	သွင်းအားစုများ လွယ်ကူစွာဝယ်ယူမရနိုင်ပါ☑ သွင်းအားစုများ လုံးဝ ဝယ်ယူမရပါ ☐ မဖြေဆိုပါ☐
ဝန်ဆောင်မှုနှင့် နည်းပညာပံ့ပိုးမှု	နည်းပညာနှင့်အုပ်ချုပ်ရေးဆိုင်ရာဝန်ဆောင်မှုများအလွယ်တကူမရနိုင်ပါ ☑ နည်းပညာနှင့် အုပ်ချုပ်ရေးဆိုင်ရာဝန်ဆောင်မှုများ မရပါ☐ မဖြေဆိုပါ☐
ထုတ်ကုန်ရောင်းဝယ်မှု	ထုတ်ကုန်များကိုလွယ်ကူစွာနှင့်ဈေးနှုန်းမှန်ကန်စွာဖြင့်မရောင်းချနိုင်ပါ☐ ထုတ်ကုန်များကို မရောင်းချနိုင်ပါ ☐ မဖြေဆိုပါ ☑
အိမ်ခြံဝင်းအတွင်း မြေနေရာလုံလောက်မှု	အလုံအလောက်မရှိပါ☑ လုံးဝမရှိပါ ☐ မဖြေဆိုပါ☐
ငါးလုပ်ငန်း	
ငါး/ပုဇွန်မွေးမြူရန် ရေမြေအနေအထား	ရေမြေအနေအထား မကောင်းပါ☐ မဖြေဆိုပါ ☑
ငါး/ပုဇွန်သားပေါက် လက်လှမ်းမီမှု	လိုသလောက် လွယ်ကူစွာ ဝယ်ယူမရပါ☑ လုံးဝဝယ်ယူမရပါ☐ မဖြေဆိုပါ ☐
ချေးငွေ	လိုသလောက် လွယ်ကူစွာချေးငွေမရပါ☑ လုံးဝချေးငွေမရပါ☐ မဖြေဆိုပါ☐
သွင်းအားစု လက်လှမ်းမီမှု	သွင်းအားစုများ လွယ်ကူစွာဝယ်ယူမရနိုင်ပါ☑ သွင်းအားစုများ ဝယ်ယူမရပါ☐ မဖြေဆိုပါ☐
နည်းပညာအကူအညီနှင့် နည်းလမ်းများ	နည်းပညာနှင့် အုပ်ချုပ်ရေးဆိုင်ရာဝန်ဆောင်မှုများအလွယ်တကူမရပါ☑ နည်းပညာနှင့် အုပ်ချုပ်ရေးဆိုင်ရာဝန်ဆောင်မှုများမရပါ☐ မဖြေဆိုပါ☐
ထုတ်ကုန်ရောင်းဝယ်မှု	ထုတ်ကုန်များကိုလွယ်ကူစွာနှင့်ဈေးနှုန်းမှန်ကန်စွာဖြင့်မရောင်းချနိုင်ပါ ☐ ထုတ်ကုန်များကိုလုံးဝ မရောင်းချနိုင်ပါ☐ မဖြေဆိုပါ ☑
ငါးဖမ်းခွင့်ရရှိနိုင်မှု	မလွယ်ကူပါ☐ မဖြေဆိုပါ☑

ရင်းမြစ်...(၁) ဦးတည်အုပ်စုဆွေးနွေးခြင်း - လယ်သမားအုပ်စု ၊ (၂) မြို့နယ် မွေး/ ကုဋီးစီးဌာန၊ မြို့နယ် ငါးလုပ်ငန်းဦးစီးဌာန။

လေ့လာတွေ့ရှိချက်။ ။ ယခင်က ငါးကန်များဖြင့် မွေးမြူခြင်းများရှိခဲ့သော်လည်း မအောင်မြင်သဖြင့် ယခု မွေးမြူခြင်းမရှိပါ။ မြစ်ချောင်းအတွင်း ပိုက်ချခြင်းများသာ ရှိပါသည်။

(ခ-ခ) စိုက်ပျိုးမွေးမြူရေးမဟုတ်သော စီးပွားရေးလုပ်ငန်းကဏ္ဍ

(၁) စိုက်ပျိုးမွေးမြူရေးမဟုတ်သော အသက်မွေးလုပ်ငန်းများအတွက် အခွင့်အလမ်းများ

ဇယား(၂၂) စိုက်ပျိုးမွေးမြူရေးမဟုတ်သော အသက်မွေးလုပ်ငန်းများအတွက် အခွင့်အလမ်းများ

အခွင့်အလမ်း	**ဖော်ပြချက် /ရှင်းလင်းချက်** (မှန်ရာတစ်ခုကိုသာရွေးရန်၊ ဇယား ၂၂ နှင့် ၂၃ ကို ချိတ်ဆက်စစ်ဆေးပြီးမှဖြေဆိုရန်။ ဖြေဆိုရန်မလိုအပ်ဟု ယူဆသောအချက်များရှိပါက 'မဖြေဆိုပါ' ဟူသောအကွက်ကိုရွေးရန်။)		
လုပ်သားအင်အားရရှိနိုင်မှု	များ ☐	အသင့်အတင့် ☑	မဖြေဆိုပါ ☐
လယ်ယာသားငါးထွက်ကုန် မဟုတ်သော အခြားဒေသထွက်ကုန်များကို ရောင်းချရန် ဈေးကွက်ရှိခြင်း	ဈေးကွက်ကောင်းရှိသည် ☐ ဈေးကွက်အသင့်အတင့် ☑ မဖြေဆိုပါ ☐		
ဈေးကွက်ဆိုင်ရာ အသိအမြင်ရှိခြင်း	ဈေးကွက်အခြေအနေကို ကောင်းစွာနားလည်သိရှိသည် ☐ အသင့်အတင့်နားလည်သည် ☑ မဖြေဆိုပါ ☐		
လမ်းပန်းဆက်သွယ်ရေးအခြေအနေ	ကောင်း ☐	သင့် ☐	မဖြေဆိုပါ ☑
ကုန်ကြမ်းရရှိနိုင်ခြင်း	ပေါများ ☐	သင့် ☑	မဖြေဆိုပါ ☐
လျှပ်စစ်မီးရရှိနိုင်ခြင်း	ကောင်း ☐	သင့် ☐	မဖြေဆိုပါ ☑
ချေးငွေရရှိနိုင်ခြင်း	လိုသလောက်လွယ်ကူစွာချေးငွေရရှိနိုင်သည် ☐ ချေးငွေရနိုင်သည် ☐ မဖြေဆိုပါ ☑		
အသက်မွေးဝမ်းကျောင်းနည်းပညာဆိုင်ရာနှင့် အသေးစား/အလတ်စား စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ ဝန်ဆောင်မှုရရှိခြင်း	နည်းပညာနှင့် အသေးစား/အလတ်စား စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ ဝန်ဆောင်မှုများ အလွယ်တကူရနိုင်သည်။ ☐ နည်းပညာနှင့် အသေးစား/အလတ်စား စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ ဝန်ဆောင်မှုများ ရနိုင်သည်။ ☐ မဖြေဆိုပါ ☑		
အလုပ်နှင့် လိုက်လျောညီထွေဖြစ်သော(သို့မဟုတ်)အသက်မွေးဝမ်းကျောင်းပြုနိုင်သော ပညာတစ်ခုခုကို တတ်မြောက်ခြင်း	ကျွမ်းကျင်စွာ တတ်မြောက်သည် ☐ အသင့်အတင့် ☑ မဖြေဆိုပါ ☐		
အလုပ်အကိုင်အခွင့်အလမ်းများ	များ ☐	အသင့်အတင့် ☑	မဖြေဆိုပါ ☐

ရင်းမြစ် … ဦးတည်အုပ်စုဆွေးနွေးခြင်း - ရပ်မိရပ်ဖအုပ်စု၊ စိုက်ပျိုးမွေးမြူရေးမဟုတ်သောဝင်ငွေရလုပ်ငန်းများ လုပ်ကိုင်သူအုပ်စု ၊ လူငယ်အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ စိုက်ပျိုးမွေးမြူရေးမဟုတ်သော အသက်မွေးဝမ်းကျောင်းလုပ်ငန်းများအဖြစ် ဝန်ထမ်း၊ စက်ချုပ်ခြင်း၊ ဈေးရောင်းခြင်း၊ ထင်းခုတ်ခြင်းနှင့် စက်လှေဖြင့် သယ်ယူပို့ဆောင်ရေးလုပ်ငန်းများလည်း လုပ်ကိုင်ကြပါသည်။

(၂) စိုက်ပျိုးမွေးမြူရေးမဟုတ်သော အသက်မွေးလုပ်ငန်းများအတွက် ပြဿနာနှင့် အခက်အခဲများ

ဇယား(၂၃) စိုက်ပျိုးမွေးမြူရေးမဟုတ်သော အသက်မွေးလုပ်ငန်းများအတွက် ပြဿနာနှင့် အခက်အခဲများ

ပြဿနာနှင့် အခက်အခဲများ	**ဖော်ပြချက် /ရှင်းလင်းချက်** (<u>အနည်းဆုံးတစ်ခုနှင့်အထက်</u> ရွေးနိုင်သည်။ ဇယား ၂၂ နှင့် ၂၃ ကို ချိတ်ဆက်စစ်ဆေး ပြီးမှဖြေဆိုရန်။ ဖြေဆိုရန်မလိုအပ်ဟု ယူဆသော အချက်များရှိပါက 'မဖြေဆိုပါ' ဟူသောအကွက်ကို ရွေးရန်။)
